ဓလေ့မှော်

The Mirror Daily

၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ စနေနေ့။ Saturday, 1 February 2025 ၁၁၇၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၅) ကျင်းပစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ယနေ့ ဖတ်စရာ

ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

စာမျက်နှာ » ၈

အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပမည့်ရက်နှင့် အချိန်ဇယားများ ကြေညာ

စာမျက်နှာ » ၁၁



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာမျက်နှာ » ၁၄

ဝင်းမုံ

ထုတ်ကုန်အမည်သစ်များခင်းကျင်း စီးပွားရေးအခွင့်အလမ်းတိုးတက်

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပုသ်တသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ခမ်းခမ်းနားနား စုံစုံလင်လင်ခင်းကျင်းပြသနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြီးပြည့်စုံသလောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသည် ယခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် တစ်ဆက်တစ်စပ်တည်း ပထမဆုံးအကြိမ်ထည့်သွင်းဆောင်ရွက်သည့် ထူးခြားသောအခင်းအကျင်းတစ်ခုဖြစ်သည်။ ယခုနှစ် ကျင်းပမည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် ချမှတ်ထားသော အမျိုးသားရေး ဦးတည်ချက်များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးအချက်ကို ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကြီးက အထောက်အကူပြုမည်ဖြစ်သည်။

ပြည်ထောင်စုနေ့အခမ်းအနားနှင့်ဆက်စပ်လျက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးပါဝင်သည့် ပြည်နယ်၊ ဒေသ ၁၅ ခု၏ MSME ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းကိုရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ၌ MSME ထုတ်ကုန်ပြိုင်ပွဲကြီးတစ်ရပ် ကျင်းပရန်အပြင် ဒေသန္တရရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် စုံလင်စွာဖြင့် ထိတွေ့ခံစားနိုင်စေရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြပွဲပြိုင်ပွဲတွင် ဒေသထွက်ကုန်ပစ္စည်းများအပြင် လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်းနှင့်အတူ ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ထုတ်ကုန်ပြပွဲပြိုင်ပွဲတွင် ဒေသအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ၊ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ထုတ်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ်ပြောင်းလဲပြီး သွင်းကုန်အစားထိုးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေသည့် ဒေသများမှ MSME လုပ်ငန်းများ၊ MSME တီထွင်ဆန်းသစ်မှု လုပ်ငန်းများ၊ စက်မှုလက်မှုနှင့် ထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသသွားမည်ဖြစ်သည်။ MSME လုပ်ငန်းများအပြင် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခုလုပ်ငန်းများလည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အဆိုပါ ပြပွဲပြိုင်ပွဲတွင် လာရောက်ပြသရောင်းချကြမည့် လုပ်ငန်းရှင်များအားလုံးနှင့် အချင်းချင်းချိတ်ဆက်မိပြီး စျေးကွက်ပိုမိုကျယ်ပြန့်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို များစွာအထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

MSME လုပ်ငန်းရှင်များအားလုံး တွေ့ဆုံရသည့်ပွဲဖြစ်၍ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတွေးသစ်၊ အမြင်သစ်များရရှိလာနိုင်သည်။ မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများကို မည်မျှစွမ်းအားမြှင့် ထုတ်လုပ်နိုင်မည်ဆိုသည့် နည်းပညာအသစ်အဆန်းများလည်း ဖလှယ်နိုင်မည်ဖြစ်သည်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်ကာ အတုယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ MSME လုပ်ငန်းများသည် တစ်နိုင်ငံလုံးတွင် ပျံ့နှံ့တည်ရှိနေပြီး ကိုယ့်အမြင် ကိုယ့်အတွေးဖြင့် လုပ်ကိုင်နေကြရာမှ ယခုကဲ့သို့ တစုတစည်းတည်းစုဝေးမှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမည်ဖြစ်သည်။

ယခုအခါ ပြပွဲပြိုင်ပွဲကြီးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ဖေဖော်ဝါရီလ ၈ ရက်နေ့အမီ အသင့်ပြင်ဆင်ခင်းကျင်းသွားမည်ဖြစ်သည်။ အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းများကို အခြေခံပြီး ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ပြည်ပတင်ပို့နေသည့် လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု ကုန်ပစ္စည်းများစသည်တို့ကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး MSME လုပ်ငန်းရှင် ၅၃ ဦးက ထုတ်ကုန်အမည် ၂၀၀ ကျော်၊ ၃၀၀ နီးပါး ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုနေ့သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ ထုတ်ဖော်ပြသနိုင်သည့် အထိမ်းအမှတ်နေ့ဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားလုပ်ငန်းရှင်များထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို တစုတစေးတည်း စုစည်းပြသခင်းကျင်းရောင်းချသည့် ပြပွဲပြိုင်ပွဲကြီးဖြစ်၍ ဒေသတစ်ခုနှင့်တစ်ခု တစ်ဦးနှင့်တစ်ဦး ပိုမိုချိတ်ဆက်လက်တွဲဆောင်ရွက်နိုင်ပြီး ထုတ်ကုန်အမည်သစ်များကို စျေးကွက်အတွင်း မိတ်ဆက်ထိုးဖောက်လာနိုင်သည့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုတိုးတက်ဖော်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း။ ။



၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတာရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၁ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၆၀၀	၇,၅၀၀	၂,၆၉၉	၂၀,၄၆၂,၈၀၀
MTSH	၃,၀၅၀	၃,၁၀၀	၈	၂၄,၅၅၀
MCB	၈,၅၀၀	၈,၅၀၀	၀	၀
FPB	၁,၈၅၀	၁,၈၅၀	၁၁	၂၀,၃၅၀
TMH	၃,၂၀၀	၃,၂၀၀	၁၀၀	၃၂၀,၀၀၀
EFR	၁,၆၀၀	၁,၆၅၀	၉၁၀	၁,၄၇၆,၂၅၀
AMATA	၃,၇၀၀	၄,၀၀၀	၁,၂၂၄	၄,၅၆၅,၂၀၀
MAEX	၃,၁၅၀	၃,၁၀၀	၃၅၀	၁,၀၉၀,၀၀၀
MADPL(PLB)	၃,၀၅၀	၃,၀၅၀	၃,၀၉၈	၉,၄၄၈,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ဝင်းမုံ

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



ပြည်သူ့လွတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးတင်ပြစဉ်။

❍ ရှေ့ဖုံးမှ

နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေ

ထိုသို့တင်ပြရာတွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဆိုပါ အချိန်က နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ကိုက်ညီပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ပထမဆုံးဖြစ်သည့် **"လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဆိုသည့် အချက်နှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကိုဖျက်ဆီးခြင်း၊ လုယက်ခြင်းများ ပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိကြောင်း၊ အချို့သောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါ အခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းနေသည်ကို တွေ့ရကြောင်း၊ ၆ လတာ ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှု အမျိုးမျိုးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုကို ကြည့်မည်ဆိုပါက အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၃၈၃ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ ကျန်းမာရေးနှင့် လူနေအဆောက်အဦအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦ ၅၁၆ လုံးတို့ကို ဖျက်ဆီးခြင်းခံခဲ့ရကြောင်း၊ အစီရင်ခံသည့်ကာလအတွင်း ကချင်ပြည်နယ်တွင် KIA အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့်ပေါင်း၍ တရုတ်-မြန်မာနယ်စပ်ဒေသ၊ ဗန်းမော်ဒေသ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းအင်းတော်ဒေသ၊ ကရင်ပြည်နယ်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ ကရင်ပြည်နယ် ကတိုင်တိဒေသ၊ မဲပလီဒေသ၊ အနန်းကွင်းဒေသ၊ ကော့ကရိတ်ဒေသ၊ ရခိုင်ပြည်နယ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ မကွေးတိုင်း-ရခိုင်ပြည်နယ်အစပ်၊ ပဲခူးတိုင်း-ရခိုင်ပြည်နယ်အစပ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အစပ်ဒေသများတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ချင်းပြည်နယ်တွင် CNF သောင်းကျန်းသူများသည် PDF များနှင့်ပူးပေါင်း၍ မင်းတပ်၊ ကန့်ပက်လက်နှင့် ဖလမ်းမြို့တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေမှုသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုကြောင့် ရွေးကောက်ပွဲရလဒ်ပယ်ဖျက်ခံရမှုအပေါ်တွင် မဲမသမာမှုပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထု၏ စိတ်ခံစားချက်ကို အသုံးချပြီး သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့ခြင်းက အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO)များအနေဖြင့်လည်း နိုင်ငံ၏နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ အစွန်းရောက်ယူဆချက်များနှင့် ၎င်းတို့လှုပ်ရှားသည့် နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန် သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြကြောင်း၊ နိုင်ငံတစ်ဝန်းလုံး အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင် အချိန်ကိုက် ဟန်ချက်ညီညီဖြင့် လှုံ့ဆော်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ပြင်ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင် အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အဆိုပါဖြစ်ရပ်များ၏အကျိုးမည်သူများရရှိခံစားရပါသလဲ၊ မည်သူမျှမရပါကြောင်း၊ နိုင်ငံ၏ဆုံးရှုံးမှုများသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လိုလားပါသည်ဟုဆိုပြီး လှုံ့ဆော်အားပေးနေသည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များစဉ်းစားကြရန်လိုကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပေးရမည်ဆိုပါက ပြီးခဲ့သည့်နှစ်က **လွိုင်ကော်မြို့ကို KNPP၊ PDF အဖွဲ့များ ဝင်ရောက် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့မှ တက္ကသိုလ်အဆောက်အဦများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရ**ကြောင်း၊ လွိုင်ကော်တက္ကသိုလ်မှ အဆောက်အဦ ၄၄ လုံး ပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့် ကုန်ကျရန်ရှိကြောင်း၊ အဆိုပါ ကုန်ကျစရိတ်သည် မူလတန်းကျောင်းအသစ်များစွာ ဆောက်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ တက္ကသိုလ်တစ်ခုတည်း၏ ပျက်စီးမှုကိုသာ တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ကျန်တက္ကသိုလ်၊ ကျောင်းများ၊ ဈေး၊ ပြည်သူတို့၏ပိုင်ဆိုင်မှုများပါ ထည့်သွင်းတွက်ချက်ပါက ဘီလီယံပေါင်းများစွာရှိဦးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအကြောင်းပြပြီး မိုက်မဲစွာဆောင်ရွက်မှုကြောင့် ဒေသခံများသာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စွန့်လွှတ်စွန့်စားစွာဖြင့် အဆိုပါအကြမ်းဖက်သမားများကို ရှင်းလင်းခဲ့ရကြောင်း။

ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက်သမားများသာဖြစ်ကြောင်း၊ ထိုသို့လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံးက ရှုတ်ချနေကြပြီး ရပ်တန့်သွားအောင် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်သူတစ်ဦးချင်းစီနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့်ပူးပေါင်းပြီး လုံခြုံရေးအသိရှိရှိ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ခြင်းကြောင့် **အများပြည်သူလုံခြုံရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်သူများအနေဖြင့် သတင်းများပေးကြရန်လို**ကြောင်း။

စာမျက်နှာ ၄ သို့ »»»

- **လွိုင်ကော်မြို့ကို KNPP၊ PDF အဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့မှ တက္ကသိုလ်အဆောက်အဦများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရ**
- **လွိုင်ကော်တက္ကသိုလ်မှ အဆောက်အဦ ၄၄ လုံး ပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့် ကုန်ကျရန်ရှိ**
- **အဆိုပါ ကုန်ကျစရိတ်သည် မူလတန်းကျောင်းအသစ်များစွာ ဆောက်လုပ်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်ပေးနိုင်**

»»» စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကြောင့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် အဘက်ဘက်မှ ပြင်ဆင်မှုများကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ **ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် စစ်မှန်သည့်ပြည်သူ့ဆန္ဒကို ဖော်ပြနိုင်ရန် အရေးကြီး**ကြောင်း၊ **ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲ မည်မျှပေးမှသာ ရွေးကောက်ပွဲဖြစ်မြောက်မည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည်ကိုလည်း တွေ့ရ**ပါကြောင်း၊ ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုကသာ စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ စည်းစနစ်ကျနမှုရှိပြီး လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရအောင် အဖြစ်နိုင်ဆုံး ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ အဆိုပါအချက်များဖြစ်ပေါ်ရန် နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းပြီးလုံခြုံမှုရှိရန် အရေးကြီးခြင်းကြောင့် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးရေးကို ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လို**ကြောင်း။

စိုက်မွေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ဆောင်ကြောင်း၊ **လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေကြပြီး လူဦးရေ၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာသားငါး၊ သစ်တောနှင့်နီးနွယ်သည့် အလုပ်များ လုပ်ကြ**ကြောင်း၊ **၅၀ ရာခိုင်နှုန်းကျော်သည် ပညာရေး အသင့်အတင့်သာရှိခဲ့ကြသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို နည်းစနစ်တကျ ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ခဲ့**ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့်နိုင်ငံ ဖြစ်ကြောင်း၊ သို့သော်လည်း **စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းကို ကျော်လွှားနိုင်ရန် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ရန်၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆထိရအောင် ကြိုးပမ်းဆောင်ရွက်ရန်လို**ကြောင်း။

ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို မြှင့်တင်နိုင်ရန်နှင့် ပြည်ပမှ တင်သွင်းကုန်များ လျော့ချနိုင်ရေးကို လည်း အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်မှသာ ၎င်းတို့နှင့်ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းကုန်များ လျော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးခိုင်မာမှုရှိလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ရန် ကြပ်မတ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုအခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်မှစပြီး MSME လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် နိုင်ငံအနှံ့သွားရောက်ပြီး တွန်းအားပေး ဆောင်ရွက်ခဲ့ကြောင်း၊ **MSME လုပ်ငန်းတွင် ကုန်ကြမ်းရရှိရေးသည် အဓိကဖြစ်**ကြောင်း၊ ထို့ကြောင့် **ဒေသစိုက်ပျိုးပြီးစီးသည့် စပါးအပါအဝင် သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားကြရန် လိုအပ်**ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်ပါကလည်း အစာနှင့်ရေကို စနစ်တကျ တိုက်ကျွေးသည့်စနစ်ဖြင့် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး အောင်မြင်သော မွေးမြူရေးလုပ်ငန်းဖြစ်အောင် ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ ကုန်ထုတ်လုပ်မှုအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အထူးသဖြင့် ပြည်ပမှစားသုံးဆိုနှစ်စဉ်ဒေါ်လာသန်း ၅၀၀ ကျော်ဖိုး တင်သွင်းနေရသည်ကို ၂၀၂၆ ခုနှစ်တွင် လျော့ချရန် စီမံကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆီထွက်နှုန်းကောင်းသည့် အလိုက်ထွက်ရှိသည့် ကုန်ကြမ်းအပေါ်မှာ အခြေခံရန်မူဝါဒပေးထားပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ ပြည်ပသို့တင်ပို့ရေး၊ သွင်းအားစုများ ရရှိရေး၊ ဘဏ္ဍာငွေအကူအညီပေးရေး၊ လူသားအရင်းအမြစ်များရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို မိရိုးဖလာ နည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှသာ အထွက်နှုန်း တိုးတက်လာမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးရာသီအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၄ ဒသမ ၈ သန်းကျော်၊ နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၀၉ သန်းကျော်၊ ပြောင်းမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၁ သန်းကျော်၊ ဆီထွက်သီးနှံစိုက်ပျိုးဧက ၃ ဒသမ ၂ သန်းကျော်နှင့် ပဲမျိုးစုံ စိုက်ပျိုးဧက သုံးသန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆွေးနွေးတင်ပြစဉ်။

> ❖ **နိုင်ငံတော်အနာဂတ်အတွက် ကလေးအားလုံး ကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ အားလုံးပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လို**

နှမ်းကို ပန်းတိုင်ရည်မှန်းချက်ထွက်ရှိရေး၊ နေကြာတိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် **စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စက်မှုကဏ္ဍနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်တို့ကို ဖွဲ့စည်းခဲ့**ကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူ အကောင်အထည်ဖော်ကြရမည် ဖြစ်သည့်အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလို ကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကသာ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်အရေအတွက် များများရှိမှသာကဏ္ဍအစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။ ပညာရေး၏ သဘောသဘာဝအရ အခြေခံပညာ အလယ်တန်းအဆင့်ထိ သင်ယူပြီးမှသာ ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေးသည် အရေးကြီးသည့်ကိစ္စရပ်ဖြစ်ကြောင်း တာဝန်ရှိသူများအနေဖြင့် ကျောင်းတက်နေသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးဆုံးခန်း တိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများကို သင်ယူပြီးမြောက်စေရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကျောင်းတက်သင့်သည့် အချိန်တွင် ကျောင်းမတက်ရသည့်ကလေးများအနေဖြင့် ၎င်းတို့၏ဘဝကို များစွာ နစ်နာစေသည့်အပြင် ဒေသနှင့်နိုင်ငံတိုးတက်ရေးကိုပါ ထိခိုက်စေကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်အနာဂတ်အတွက် ကလေးအားလုံးကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများအားလုံးပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လို**ကြောင်း၊ လာမည့်မတ်လတွင် ပြုလုပ်မည့် KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် လျှောက်လွှာတင်သွင်းထားသူ ၂ ဒသမ ၂ သိန်းကျော်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ စနစ်တကျ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်က လုပ်ဆောင်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးနှင့် ပတ်သက်ပါက ပြည်သူတိုင်း ကျန်းမာရန် အရေးကြီးကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားခြင်းနှင့် လူမှုရေး၊ စီးပွားရေး စသည့် အလုပ်များ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **“ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်” ဆိုသည့် မူဝါဒကိုချမှတ်ပြီး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း။

သဘာဝဘေးအန္တရာယ်ကဏ္ဍ

မိမိတို့ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ရှစ်ခုရှိ မြို့နယ် ၁၀၆ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါကြုံတွေ့ခဲ့ရသည့်ရေဘေးသည် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ အလွန်ဆိုးရွားသည့် အခြေအနေနှင့် မကြုံတွေ့ခဲ့ဖူးသည်ကို သိရှိရကြောင်း၊ ထိုသို့သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ဆုံးရှုံးမှုများ၊ သေဆုံးမှုများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံး ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိကိုယ်တိုင် သဘာဝဘေးဖြစ်ပွားရာနေရာများအထိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ခံစားနေရသည့် ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း၊ စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း။

စာမျက်နှာ ၅ သို့ »»»

> ❖ **ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် စစ်မှန်သည့်ပြည်သူ့ဆန္ဒကို ဖော်ပြနိုင်ရန်အရေးကြီး**
>
> ❖ **ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲ မည်မျှပေးမှသာ ရွေးကောက်ပွဲဖြစ်မြောက်မည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည်ကိုလည်း တွေ့ရ**
>
> ❖ **မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ရပ်ရွာဒေသများ အေးချမ်းသာယာရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးရေးကို ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်လို**

»»» စာမျက်နှာ ၄ မှ

ထောက်ပံ့ပေးနိုင်မှုများ အနေဖြင့် ယခုဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွင်းတွင် သေဆုံးခဲ့ရသူဦးရေ ၄၄၀ ကျော် အတွက် ငွေကျပ် ၄၄၇ ဒသမ ၁ သန်း ထောက်ပံ့ပေးခဲ့ကြောင်း၊ လူနေအိမ်ပျက်စီးမှုများအတွက် ငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံကျော်နှင့် အခြားထောက်ပံ့ခြင်းများအဖြစ် ငွေကျပ် ၃၈ ဒသမ ၉ ဘီလီယံကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများအင်အားစာရင်းကိုလည်း ပြုစုလျက်ရှိပြီး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်ထဲတွင် အကျုံးဝင်**ကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့အစိုးရက အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတစ်ဝန်းက အလှူရှင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ ပါဝင်လှူဒါန်းခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ **အများပြည်သူများ၏ ပါဝင်လှူဒါန်းမှုကို ကြိုဆိုသည်ကို** ပြောကြားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံသားများအနေဖြင့် ယခုကဲ့သို့ **နိုင်ငံသား အချင်းချင်း သဘာဝဘေးတွေ့ကြုံရချိန်၊ အခက်အခဲများ တွေ့ကြုံနေကြရချိန်တွင် မိမိတို့တတ်နိုင်သလောက် ပါဝင်ကူညီခဲ့ကြခြင်းသည် မိမိတို့နိုင်ငံသားများအကြား တွင်ရှိနေသည့် ညီရင်းအစ်ကို စိတ်ဓာတ်၊ အမျိုးကိုချစ်သည့် စိတ်ဓာတ်များကို ဖော်ထုတ်ပြသနိုင်ခြင်း ဖြစ်ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို** ပြောကြားလိုကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်စတင် ထမ်းဆောင်ချိန်ကတည်းက နိုင်ငံအတွင်းဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို ကြိုတင်သတ်မှတ်ချက်မထားဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၁၁၄ ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများနှင့်(၂၁)ကြိမ်၊ ငြိမ်းချမ်းရေးလိုလားသည့် အခြားအဖွဲ့အစည်းများနှင့် (၁၀)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများအရ လာမည့်လွတ်တော်ကာလများတွင် အချို့ကိစ္စရပ်များကို လွှတ်တော်၌ဆွေးနွေးနိုင်ရေးအတွက် သဘောတူညီမှုဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း၊ သဘောတူညီမှုများ ပိုမိုရရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင်လည်း နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အဦများ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးခဲ့ရသောကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း၊ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှသာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ပေးထားသည်**ကို ပြောကြားလိုကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေး လမ်းခင်းပေးခဲ့သကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ရွေးကောက်ခံအစိုးရများနှင့် လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်း ဖြစ်သည့်အတွက် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ ပါတီနှင့် ပါတီအသစ် တည်ထောင်ခွင့်လျှောက်ထားသည့်ပါတီ ၁၈ ပါတီရှိခြင်းကြောင့် စုစုပေါင်း ၆၈ ပါတီရှိပြီဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီအနေဖြင့် မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၈ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲ နိုင်ငံရေးပါတီ ၅၃ ပါတီရှိကြောင်း၊ မိမိအနေဖြင့် ဒေသနှင့် တိုင်းရင်းသားများအကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်သည်ဟု ခံယူထားသည့်အတွက် ယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု စုစုပေါင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံချိန်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုဆိုင်ရာကိစ္စရပ်များ၊ ယခင် ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် အတွက် ဖြစ်ပေါ်လာသည့် လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေး မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် မြန်မာနိုင်ငံနှင့်သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR)ကို ကျင့်သုံးရေး ရွေးကောက်ပွဲစနစ်ဆိုင်ရာ



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။

ပေါင်းစပ်ကျင့်သုံးရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရုံးများဖွင့်လှစ်မှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့် ဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူညီချက်များလည်း ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သဘော တူညီချက်များကို ခိုင်ခိုင်မာမာနှင့် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ NLD ပါတီမှ မဲမသမာမှုပြုလုပ်သူများ အနေဖြင့် မိစ္ဆာရင်းများကို ဖောင်းပွအောင် ဖန်တီးပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ရွေးကောက်ခံမဲဆန္ဒနယ် တစ်ခုတည်း၌သာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတရားမဲ့ အနိုင်ရရှိအောင် မဲမသမာမှုပြုလုပ်ခဲ့ ခြင်းဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရှိသည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများအတွက် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (CEC) များဖြစ်သည်ကို တွေ့ရ**ကြောင်း၊ **CEC ဖြစ်သည့်သူများသည် NLD ပါတီကို ကိုယ်စားပြုသူများပင် ဖြစ်သောကြောင့် မဲမသမာမှုကို ပါတီလိုက် ကျူးလွန်ခဲ့သည်ဟု ယူဆနိုင်**ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ

မိမိအနေဖြင့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပေးနိုင်ရေး ဘက်ပေါင်းစုံကနေ စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားခရီးစဉ်များသွားရောက်ချိန်တွင်လည်း နိုင်ငံတကာမှ နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်များတွင်လည်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထိုကဲ့သို့ရှင်းလင်းပြောကြားခဲ့သည့်အတွက် နိုင်ငံတကာအနေဖြင့် မိမိတို့ဦးဆောင်ကျင်းပပေးမည့် ရွေးကောက်ပွဲအပေါ် အပြည့်အဝအားပေးထောက်ခံမှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ပန်းခင်းစီမံချက် ၁၊ ၂၊ ၃ ကိုချမှတ်ပြီး စုစုပေါင်း ၅၉၈၀၆၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် ကျန်ရှိနေသူများကိုလည်း ရွေးကောက်ပွဲကာလ မတိုင်မီ အပြီးရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်မှု အခြေအနေ

အထွေထွေ ရွေးကောက်ပွဲကျင်းပရာတွင် ခိုင်လုံသည့်မဲစာရင်းများရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့ဒေသများကို ရက်တိုးမြှင့် ကောက်ယူခဲ့ရကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမှရရှိလာသည့် အချက်အလက်များ အပေါ်မူတည်ပြီး နိုင်ငံအကျိုးအတွက် အရေးကြီးသည့်စီမံကိန်းများဖော်ဆောင်ရန် အသုံးပြုနိုင်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှရရှိသည့် ရှေ့ပြေးလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ညတွင် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၀၆၇၅၆ ဦး (၅၁ ဒသမ ၃ သန်းကျော်) ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရရှိသည့် စာရင်းအရ လူဦးရေ ၃၂၁၉၃၄၀၇ ဦး (၃၂ ဒသမ ၁၉ သန်းကျော်)နှင့် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းလူဦးရေ ၁၉၁၂၃၄၉ ဦး (၁၉ ဒသမ ၁ သန်းကျော်) ပါဝင်ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းအရ အမျိုးသား ၁၅၁၀၅၆၁၅၅ ဦး (၁၅ သန်းကျော်)ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း၊ ယခုရရှိလာသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ခိုင်လုံသည့် မဲစာရင်းများအဖြစ် စနစ်တကျပြုစုသွားမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၆ သို့** »»»

❖ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်ထဲတွင် အကျုံးဝင်**

❖ **နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်**

❖ **နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ပေးထား**

❖ **ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်**

»»» စာမျက်နှာ ၅ မှ

မိမိတို့နိုင်ငံ၏ လူဦးရေသည် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေထက် အနည်းငယ် လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ လူဦးရေပြောင်းလဲခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းခြင်းဆိုသည့် အကြောင်းရင်း သုံးချက်ကြောင့် ဖြစ်နိုင်ကြောင်း၊ **မိမိတို့နိုင်ငံ၏ အကျယ်အဝန်းနှင့် ယခုကောက်ယူရရှိသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်ကြည့်ပါက လူဦးရေနည်းပါးသည်ဟု ယူဆရမည်ဖြစ်**ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိုက်သင့်သည့် လူဦးရေနှင့် နှစ်အလိုက်ထိုက်သင့်သည့် လူဦးရေတိုးတက်မှုနှုန်း** ရှိရန်လိုအပ်ကြောင်း၊ **ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကလေးမွေးဖွားနှုန်း မြင့်မားလာရန်နှင့် သေဆုံးနှုန်းကျဆင်းစေရန် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးမြှင့်ထောက်ပံ့ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ရွှေ့ပြောင်းခြင်းနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏ စီးပွားရေး အခြေအနေများ၊ နိုင်ငံရေးအခြေအနေများ တည်ငြိမ်မှုနှင့် တိုးတက်ကောင်းမွန်မှု ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် **ရှိသင့်ရှိထိုက်သည့်လူဦးရေ ဖြစ်ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေအပေါ် မူတည်ပြီး ကျင်းပပြုလုပ်ပေးသွားရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရန်၊ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့်၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရန်၊ နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်စေရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်အတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေးအတွက်လည်း အချိုးကျကိုယ်စားပြုစနစ်(PR)ကို တိုင်းရင်းသားများကို ကိုယ်စားပြုနိုင်သည့် မဲဆန္ဒနေရာများ၊ အဖွဲ့အစည်းများတွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာ ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခံယူချက်အရသာဖြစ်**ကြောင်း၊ ဆန္ဒမဲပေးချိန်တွင် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများကင်းဝေးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေအရနှင့် လူထုသဘောထားအမြင်အရ ပြည့်စုံကောင်းမွန်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးစေရန်နှင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်ရန် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **အထွေထွေရွေးကောက်ပွဲသည် ပြည်သူအများစု၏အမြင်ကို ထင်ဟပ်ပေါ်လွင်စေသည့် ရွေးကောက်ပွဲဖြစ်ရန်လို**ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျင်မြန်စွာရောက်ရှိရန်အတွက် ရပ်ရွာဒေသအလိုက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အောင်မြင်အောင် ပြည်သူလူထုနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် **မြန်မာနိုင်ငံနှင့်ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့ရသည့်ဖြစ်စဉ်များအရ နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှ တစ်ခုကူးပြောင်းမှုကို ဆောင်ရွက်ရာတွင် အဆိုပါနိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အချိန်အခါတို့အပေါ် မူတည်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စနစ်ကို ချဉ်းကပ်လျှောက်လှမ်းကြရမည်ဖြစ်**သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထိုသို့မဟုတ်ဘဲ နိုင်ငံတကာက သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း သို့မဟုတ် အင်အားကြီးနိုင်ငံများ၏ ဖိအားပေးစေခိုင်းမှုများအတိုင်း လိုက်ပါဆောင်ရွက်ခဲ့ပါက တည်ငြိမ်မှုကို ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ ဥပမာအနေဖြင့် အချို့သောနိုင်ငံများသည် ၎င်းတို့နိုင်ငံနှင့် မကိုက်ညီသည့်စနစ်ကို အတင်းသွတ်သွင်းမှုများ၊ အထွေထွေရွေးကောက်ပွဲကို ဖိအားများကြောင့် အဆောတလျင် ကျင်းပခဲ့မှုများကြောင့် ယနေ့အချိန်အထိ နိုင်ငံရေးတည်ငြိမ်မှုမရသေးဘဲ အကျပ်အတည်းမျိုးစုံကြားတွင် ရုန်းကန်နေကြရသည်ကို တွေ့ရကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးအခြေအနေကို အဆိုပါနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူများကသာ အသိဆုံးဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကြောင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်ခဲ့ပြီး မိမိအနေဖြင့်ပြည်သူများလိုလားချက်အတိုင်း **နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိစေရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေ**ကြောင်း၊ **မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်**ကြောင်း၊ မိမိအနေဖြင့် **အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး အခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပြည်တွင်းရေး အခြေအနေများအပေါ်တွင်သာ အဓိကဦးတည်ပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီလမ်းကြောင်း ပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရှိကြောင်း၊ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းရန် မကြိုးစားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကိုသာ ရွေးချယ်ခဲ့ခြင်းကြောင့် ယနေ့နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပေါ်နေကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်းခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့အားလုံး ရည်မှန်းထားသည့် **အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်**ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် အဘက်ဘက်မှ အသင့်ဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်ကို သိရှိရပြီး မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအပြင် မဲဆန္ဒရှင်များပြုစုရာတွင် မဲရုံအလိုက်ပြုစုပြီး မဲရုံအလိုက် မဲပေးနိုင်ရေး အသေးစိတ်ပြုစုရကြောင်း၊ မဲဆန္ဒရှင်များ အစီအစဉ်တကျ မဲပေးနိုင်ရေးအတွက်ကိုလည်း စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် များပြားလှသည်ဖြစ်သည့်အတွက် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ သက်တမ်း ၆ လ တိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် အဓိကကျပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်၍ လုံခြုံရေးသည် အဓိကကျသည့်အချက်ဖြစ်ပြီး ပြီးခဲ့သည့် ၆ လတာကာလအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌သာမက မြို့ပေါ်များ၌လည်း တည်ငြိမ်အေးချမ်းရန် လိုအပ်မည်ဖြစ်သဖြင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားရန် အချိန်လိုအပ်မည်ဖြစ်သဖြင့် သက်တမ်း ၆ လ ထပ်မံတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက လက်ရှိအချိန်တွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ဆဲကာလဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းကို သဘောတူထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် က ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ **စာမျက်နှာ ၇ သို့** »»»

»»» **စာမျက်နှာ ၆ မှ**

ရဟန်း၊ သံဃာများ၊ ကျောင်းသား ကျောင်းသူများ သေဆုံးဒဏ်ရာရရှိမှု၊ လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများ၊ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်မှုများအား ရှင်းလင်းတင်ပြပြီး နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနှင့် သံတမန်ဆက်ဆံမှုများရှိပြီး စစ်ဘက်၊ အရပ်ဘက် ဆက်ဆံမှုများကောင်းမွန်နိုင်မာမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နိုင်ငံတကာ ဆက်ဆံရေးနှင့် စစ်ဘက်၊ အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာ့အရေးကို မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်အစီအစဉ် (Myanmar Way) ဖြင့် ဆောင်ရွက်ရမည်ကို နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံလာသည်ကို တွေ့ရှိရမှု၊ မိမိတို့ နိုင်ငံနှင့် ထိတွေ့ဆက်ဆံလျက်ရှိသည့် နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အပြုသဘောအမြင်ဖြင့် ထောက်ခံမှုရှိလာသည်ကို သိရှိရမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအချိန်ကာလ လိုအပ်မည်ဖြစ်သည့်အတွက် အရေးပေါ်ကာလအား သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုများ စသည့် ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ များစွာရရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ယခုကဲ့သို့ရရှိပြီးသည့်အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်လာသည့်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက နိုင်ငံတော်၏လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများတွင် လုပ်ငန်းအခြေအနေများအရ၊ နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလ ထပ်မံသက်တမ်းတိုးရန်အတွက် တညီတညွတ်တည်း ထောက်ခံဆွေးနွေး သဘောတူညီသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ **"နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၁-၂-၂၀၂၅ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"**ကို ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၅)ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

- **မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်**
- **အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့ နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပြည်တွင်းရေးအခြေအနေများအပေါ်တွင်သာ အဓိက ဦးတည်ပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်**

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ငါးဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၀ ဦး၊ အရိုးရောဂါ ၂၅ ဦး၊ နား၊ နာခေါင်း၊ လည်ချောင်းရောဂါ လေးဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၂၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့်လူနာ နှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်-

ကျွန်မ မျက်စိခွဲစိတ်ကုသဖူးတယ်။ လူတွေတော်တော်များများလည်း ကိုကိုးကျွန်းမှာ မျက်စိပြန်ကောင်း သွားတာလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒီတစ်ခေါက် ကတော့ နှလုံးရောဂါ လာရောက်ကုသတာပါ။ ကျွန်မအနေနဲ့ အခုလိုမျိုး နှစ်စဉ်လာရောက်ကုသပေးဖို့အတွက်လည်း မျှော်လင့်ပါတယ်။ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ လှိုက်လှဲစွာကြိုဆိုပါတယ်။ အခုလိုမျိုး သဘော်ကြီးနဲ့ လာရောက် ကုသပေးတဲ့အတွက် ရန်ကုန်ကို ပြန်ကုရမယ့်သူတွေလည်း ပြန်မကုရတော့ဘဲ ဒီမှာတင် အခမဲ့ကုသပေးတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်ရပါတယ်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁)	ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်	ဥက္ကဋ္ဌ
(၂)	ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း	ဒုတိယဥက္ကဋ္ဌ
(၃)	ဗိုလ်ချုပ်ကြီး အောင်လင်းဌေး	အတွင်းရေးမှူး
(၄)	ဗိုလ်ချုပ်ကြီး ရဲဝင်းဦး	တွဲဖက်အတွင်းရေးမှူး
(၅)	ဗိုလ်ချုပ်ကြီး မြထွန်းဦး	အဖွဲ့ဝင်
(၆)	ဗိုလ်ချုပ်ကြီး တင်အောင်စန်း	အဖွဲ့ဝင်
(၇)	ဗိုလ်ချုပ်ကြီး မောင်မောင်အေး	အဖွဲ့ဝင်
(၈)	ဗိုလ်ချုပ်ကြီး ညိုစော	အဖွဲ့ဝင်
(၉)	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်	အဖွဲ့ဝင်
(၁၀)	ဦးဝဏ္ဏမောင်လွင်	အဖွဲ့ဝင်
(၁၁)	ဒေါ်ဒွဲဘူ	အဖွဲ့ဝင်
(၁၂)	ပိုးရယ်အောင်သိန်း	အဖွဲ့ဝင်
(၁၃)	မန်းငြိမ်းမောင်	အဖွဲ့ဝင်
(၁၄)	ဒေါက်တာ မူထန်	အဖွဲ့ဝင်
(၁၅)	ဒေါက်တာ ဘရွှေ	အဖွဲ့ဝင်
(၁၆)	ခွန်စံလွင်	အဖွဲ့ဝင်

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁)	နိုင်ငံတော်ဝန်ကြီးချုပ်	ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
(၂)	ဒုတိယဝန်ကြီးချုပ်	ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း
(၃)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်ရုံး	ဗိုလ်ချုပ်ကြီး တင်အောင်စန်း
(၄)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်ကြီး မြထွန်းဦး
(၅)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန	ဗိုလ်ချုပ်ကြီး မောင်မောင်အေး
(၆)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	ဦးဝင်းရှိန်
(၇)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	ဦးသန်းဆွေ
(၈)	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
(၉)	ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)	ဗိုလ်ချုပ်ကြီး မိုးအောင်
(၁၀)	ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂)	ဦးကိုကိုလှိုင်
(၁၁)	ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃)	ဦးမောင်မောင်တင့်
(၁၂)	ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄)	ဦးအောင်ကျော်ဟိုး
(၁၃)	ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
(၁၄)	ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန	ဒေါက်တာ ကံဇော်
(၁၅)	ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန	ဒေါက်တာ သီတာဦး
(၁၆)	ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	ဦးမောင်မောင်အုန်း
(၁၇)	ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန	ဦးတင်ဦးလွင်
(၁၈)	ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးမင်းနောင်
(၁၉)	ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ဦးလှမိုး
(၂၀)	ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	ဦးခင်မောင်ရီ
(၂၁)	ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဦးဉာဏ်ထွန်း
(၂၂)	ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန	ဦးကိုကိုလွင်
(၂၃)	ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန	ဒေါက်တာချာလီသန်း
(၂၄)	ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ဦးမြင့်ကြိုင်
(၂၅)	ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	ဦးချစ်ဆွေ
(၂၆)	ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ဦးထွန်းအုံ
(၂၇)	ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန	ဒေါက်တာ ညွန့်ဖေ
(၂၈)	ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ဒေါက်တာ မျိုးသိန်းကျော်
(၂၉)	ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	ဒေါက်တာ သက်ခိုင်ဝင်း
(၃၀)	ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန	Jeng Phang နော်တောင်
(၃၁)	ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	ဦးမျိုးသန့်
(၃၂)	ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ဒေါက်တာ စိုးဝင်း
(၃၃)	ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန	ဦးကျော်စိုးဝင်း
(၃၄)	ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	ဦးခွန်သန့်ဇော်ထူး
(၃၅)	အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ဦးဇော်သန်းသင်း

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများသို့ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

(၁)	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထဲရေးဝန်ကြီးဌာန	နယ်စပ်ရေးရာဝန်ကြီးဌာန
(၂)	ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ရေးရာဝန်ကြီးဌာန	ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးမောင်မောင်တင့်	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃)
(၂)	ဦးချစ်ဆွေ	အလုပ်သမားဝန်ကြီးဌာန
(၃)	Jeng Phang နော်တောင်	အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
(၄)	ဦးကျော်စိုးဝင်း	ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
(၅)	ဦးခွန်သန့်ဇော်ထူး	တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၀ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပြည်ထောင်စုဝန်ကြီးများအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁)	ဦးမြင့်နောင်	အလုပ်သမားဝန်ကြီးဌာန
(၂)	ဦးမင်းသိန်းဇ	အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
(၃)	ဒေါက်တာ သက်သက်ခိုင်	ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၂ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးတိုးရီ အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၄ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၁ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဗိုလ်ချုပ် အောင်ကျော်ကျော်	ပြည်ထဲရေးဝန်ကြီးဌာန
(၂)	ဦးနေမျိုးလှိုင်	ပညာရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းကို ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဗဟိုအကြံပေးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၅ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ဗဟိုအကြံပေးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါ ပုဂ္ဂိုလ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးရွှေကြိမ်း
(၂) ဦးရန်ကျော်

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

(က)	ဦးပေါ်လွင်စိန်	ဥက္ကဋ္ဌ
(ခ)	ဦးကျော်စိုး	အဖွဲ့ဝင်
(ဂ)	ဒေါက်တာသန်းမြင့်	အဖွဲ့ဝင်
(ဃ)	ဒေါက်တာမြင့်သူမြိုင်	အဖွဲ့ဝင်
(င)	ဦးတင်အောင်	အဖွဲ့ဝင်
(စ)	ဦးကျော်မြင့်	အဖွဲ့ဝင်
(ဆ)	ဦးဝင်းလှိုင်ဦး (ခ) ကုန်ဇမူန်း	အဖွဲ့ဝင်
(ဇ)	ဦးသန်းဝင်း	အဖွဲ့ဝင်
(ဈ)	ဦးတင်ကိုကို	အဖွဲ့ဝင်

၂။ ယခင် နိုင်ငံတော်သမ္မတရုံး၏ ၁၄ - ၁ - ၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃ / ၂၀၂၀၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃ - ၈ - ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၆၈ / ၂၀၂၃ နှင့် ၇ - ၉ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၄၇ / ၂၀၂၄ တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဝင်မုခ်ဦး၊ Photo Booth၊ Interview Booth၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) နေရာများ၊ အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီဆုပေးပွဲစင်မြင့် တည်ဆောက်နေမှု၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးမှု၊ Stage LED Screen နှင့် LED ဘုတ်များ တပ်ဆင်မည့် နေရာများ၊ နေရာထိုင်ခင်းများနှင့် မီဒီယာဇုန်သတ်မှတ်ထားသည့် နေရာများ ပြင်ဆင်ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာကိစ္စရပ်များ





လစ်ဟာမှုမရှိအောင် ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် အခမ်းအနားအစီအစဉ်များအလိုက် စနစ်တကျဖြစ်စေရေး ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အောင်မြေသာစံမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၅၄ ကျောင်းတွင် ပညာသင်ယူနေသည့် KG ကျောင်းသား ကျောင်းသူ ၂၆၄၄ ဦးအား ပြည်သူ့ကျန်းမာရေး



ဦးစီးဌာနက ဒုတိယအကြိမ်အဖြစ် အာဟာရကျွေးမွေးမှုကို ယနေ့တွင် ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့်တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် KG ကျောင်းသား ကျောင်းသူများအား အစာအုပ်စု သုံးအုပ်စုပါဝင်သော ထမင်း၊ ကြက်ဥ၊ သီးစုံပဲဟင်း၊ ငှက်ပျောသီးတို့ကို နေ့လယ်စာအဖြစ် ကျွေးမွေးခြင်း၊ ဖြည့်စွက်စာများ တိုက်ကျွေးခြင်းများအပြင် နေ့လယ်စာမစားမီ စနစ်တကျ လက်ဆေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်ခြင်းများကိုလည်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

★ ကျောဖုံးမှ

ဖေဖော်ဝါရီ ၁၁ ရက် သို့မဟုတ် ၁၂ ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းအီတီဟက်ဒ်မှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။

ဆဲလ်တစ်အသင်းကတော့ ပထမအကျော့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပြီး ဒုတိယအကျော့မှာတော့ နည်းပြဘရန်ဒန်ရော့ဂျာရဲ့ ဆဲလ်တစ်အသင်းကို ဒုတိယအကျော့မှာ အလိုင်းရန်အရီနာမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ထဲမှ အနိုင်ရတဲ့ အသင်းဟာ ၁၆ သင်းအဆင့်မှာ ဂျာမန်ကလပ် လေဗာကူဆင်အသင်း သို့မဟုတ် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ထဲက တစ်သင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အခုမဲခွဲထားတဲ့ ချန်ပီယံလိဂ် play-offs ပွဲစဉ်တွေ ပြီးဆုံးပါက ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၁ ရက်မှာ မဲခွဲဆုံးဖြတ်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အခြားသော ချန်ပီယံလိဂ် play-offs ပွဲစဉ်တွေမှာတော့ ကလပ်ဘရုဂ်အသင်းနဲ့ အတ္တာလန္တာအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ပီအက်စ်ဗွီအသင်း၊ မိုနာကိုအသင်းနဲ့ ဘင်ဖီကာအသင်း၊ စပို့တင်းအသင်းနဲ့ ဒဲ့ဗ်မွန်အသင်း၊ ဘရက်စ်အသင်းနဲ့ ပီအက်စ်ဂျီအသင်း၊ ဖီယင်နုအသင်းနဲ့ အေစီမီလန်အသင်းတို့ အသီးသီးတွေ့ဆုံနေတာဖြစ်ပါတယ်။

ငွေကြေယ်

အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပမည့်ရက်နှင့် အချိန်ဇယားများ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်

၁၃၈၆ ခုနှစ်(၂၀၂၅)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

အစိုးရဓမ္မာစရိယစာမေးပွဲအချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် (၂၅-၃-၂၀၂၅)၊ အင်္ဂါနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁)
၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၂၆-၃-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂)
၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် (၂၇-၃-၂၀၂၅)၊ ကြာသပတေးနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁)
၁၃၈၆ ခုနှစ်၊ တပေါင်းလကွယ် (၂၈-၃-၂၀၂၅)၊ သောကြာနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂)
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁)ရက် (၂၉-၃-၂၀၂၅)၊ စနေနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း ဓမ္မသင်္ဂဏိပါဠိအဋ္ဌကထာ (၁)
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက် (၃၀-၃-၂၀၂၅)၊ တနင်္ဂနွေနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း ဓမ္မသင်္ဂဏိပါဠိအဋ္ဌကထာ (၂)
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက် (၃၁-၃-၂၀၂၅)၊ တနလ်္ဂာနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	**မြန်မာဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ မဏ္ဍိမနိကာယပါဠိအဋ္ဌကထာ သံယုတ္တနိကာယပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ ပဋိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် (၁-၄-၂၀၂၅)၊ အင်္ဂါနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	**ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊ သုတ်ပါထိက ပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁)
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် (၂-၄-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	**ပါဠိဂုဏ်ထူး** ပါစိတျာဒိပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊ သုတ်ပါထိက ပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂)

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

ပါဠိပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများ ကျင်းပမည့်ရက်နှင့် အချိန်ဇယားများ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

ရက်စွဲ၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်

၁၃၈၆(၂၀၂၅)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊လတ်၊ငယ်၊မူ)တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း

ရက်စွဲ	အချိန်	အတန်း	ဘာသာရပ်
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက် (၃၁-၃-၂၀၂၅)၊ တနလ်္ဂာနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း	ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ ။
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် (၁-၄-၂၀၂၅)၊ အင်္ဂါနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း	ကစ္စည်းသဒ္ဒါကြီးဘာသာ ။ ။ ။
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက် (၂-၄-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း	အဘိဓမ္မတ္ထသင်္ဂဟဘာသာ ။ ။ ။
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက် (၃-၄-၂၀၂၅)၊ ကြာသပတေးနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	အခြေပြုမူလတန်း ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း	တိကမာတိကာ တိကမာတိကာ၊ဒုကမာတိကာနှင့် ဓာတုကထာဘာသာ သုတ္တန္တိကမာတိကာနှင့်ဓာတုကထာ ဘာသာ အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက် (၄-၄-၂၀၂၅)၊ သောကြာနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	ပထမငယ်တန်း ပထမလတ်တန်း ပထမကြီးတန်း	ဘာသာပြန်ဘာသာ ယမိုက်အောက်(၅)ကျမ်းဘာသာ ယမိုက်အထက်(၅)ကျမ်းဘာသာ
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက် (၅-၄-၂၀၂၅)၊ စနေနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	ပထမလတ်တန်း ပထမကြီးတန်း	ဘာသာပြန်ဘာသာ ပဌာန်းကုသလတိက်ဘာသာ
၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက် (၆-၄-၂၀၂၅)၊ တနင်္ဂနွေနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၃)နာရီထိ	ပထမကြီးတန်း	ဘာသာပြန်ဘာသာ

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၃၁-၃-၂၀၂၅)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(သုခဝဂ်မှ အဆုံးထိ)၊ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ် အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (အစမှဇာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန

၂၀၂၅-ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အချိန်စာရင်း

- ၁၃၈၆- ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ အင်္ဂါနေ့မှ နှောင်းတန်ခူးလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့အထိ(၂၅-၃-၂၀၂၅) ရက်မှ (၂-၄-၂၀၂၅) ရက်ထိ } အစိုးရ ဓမ္မာစရိယ
- ၁၃၈၆- ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၃)ရက်၊ တနလ်္ဂာနေ့မှ နှောင်းတန်ခူးလဆန်း(၉)ရက်၊ တနင်္ဂနွေနေ့အထိ (၃၁-၃-၂၀၂၅) ရက်မှ (၆-၄-၂၀၂၅) ရက်ထိ } ပါဠိ ပထမပြန်



ဟင်္သာတမြို့နယ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ

ဟင်္သာတ ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ရုံးကြီးရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်မီးသတ်စခန်း အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဆန်းထွန်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ဟင်္သာတမြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ရာ သင်တန်းသားများကိုယ်စား တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားပြီး ခန့်အပ်လွှာများပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသော သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များ တက်ရောက်ကြတယ်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သွားနှင့်ခံတွင်းဆိုင်ရာ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုထားသော စက်ပစ္စည်းကိရိယာများ ပြည်သူ့ဆေးရုံများတွင် တပ်ဆင်ပေးထားကြောင်း၊ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်ရန် လိုအပ်သော လေ့ကျင့်သင်ကြားမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူလူထု သွားနှင့်ခံတွင်း ကျန်းမာရေးမြှင့်တင်နိုင်ရေး မူဝါဒများချမှတ်လုပ်ဆောင်လျက်ရှိကြောင်း၊ သမားဂုဏ်၊ ဆေးပညာကျင့်ဝတ်များကို အခြေပြုကာ ပြည်သူလူထုကို ဦးထိပ်ထားပြီး ဝန်ဆောင်မှုများ ပေးနိုင်ရန်လို အပ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး သမားဂုဏ်၊ ဆေးပညာကျင့်ဝတ်များနှင့် အညီ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဖြစ်လာကြသည့် အလျောက် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာကြရမည့် စည်းမျဉ်း စည်းကမ်းများ၊ ကျင့်ဝတ်များကို သိရှိလိုက်နာစောင့်ထိန်းကြရန်လို အပ်ကြောင်း၊ မိမိတို့၏ Professional ဖြင့် ပေးအပ်လာသည့် တာဝန်များကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့ဝန်ထမ်းဆရာဝန်တစ်ဦး၏ ဘဝအနေဖြင့် အောင်မြင်ရာအောင်မြင်ကြောင်း နည်းလမ်းဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုးက ဝန်ထမ်းစည်းကမ်းနှင့် ဆရာဝန် ကျင့်ဝတ်သိက္ခာတို့ကို သေချာစောင့်ထိန်းပြီး သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေများမှ အရေးပါသည့်အချက်အလက်များကို လိုက်နာဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ကိုယ်စားလှယ်တစ်ဦးနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ကိုယ်စားလှယ် တစ်ဦးတို့အား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိခန့်အပ်လွှာများပေးအပ်ပြီး သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်) များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ၁၀၈ ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ၉၁ ဦး စုစုပေါင်း ၁၉၉ ဦးအား ပြန်တမ်းဝင် အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) ၃၃၀၊ ဆရာဝန် (သစ်လွင်) ၁၃၀၁ ဦး၊ သူနာပြု ၄၆၅၇ ဦး၊ သားဖွားဆရာမ ၈၄၃ ဦးနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင် ၃၁၉၉ ဦးတို့ကို ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ ဆောင်ရွက်သည့် လုံခြုံစိတ်ချရသော အာတိတ်ဒေသ လေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ နှင့် ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲနှင့်ညီလာခံများသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဇန်နဝါရီ ၃၀ ရက်နံနက်ပိုင်းက မြောက်ပိုင်းအာတိတ်ဒေသ ဖက်ဒရယ်တက္ကသိုလ်၌ ကျင်းပသည့် အာတိတ်ရေခဲပြင်တွင် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များ ကြိုတင်သတိပေးခြင်း၊ တုံ့ပြန်ခြင်းတို့တွင် အသုံးပြုသည့် အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာများပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ပြပွဲအတွင်း ပြသထားသည့် ဘေးအန္တရာယ်ကျရောက်မှုများအား ထောက်လှမ်းရှာဖွေခြင်း၊ အလိုအလျောက်မီးငြိမ်းသတ်ခြင်းများတွင် အသုံးပြုသည့် မောင်းသူမဲ့လေယာဉ်ငယ်၊ ရဟတ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်ငယ်များ၊ အအေးပိုင်းဒေသများတွင် ဘေးသင့်သူများအား အသက်ကယ်တင်နိုင်ရေး အထူးတီထွင်ထားသည့် ဝတ်စုံများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် အခြေပေးပုဂ္ဂိုလ်တို့က ဦးဆောင်ကျင်းပသည့် အာတိတ်ဒေသဘေးကင်းလုံခြုံမှုအတွက် ကြိုတွေ့ရသည့် အဓိကစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။



အရေးပေါ်ဆေးကုသမှုများတွင် အသုံးပြုသည့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများကို လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် အဆိုပါတက္ကသိုလ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ်မြို့ မြို့တော်ဝန်၊ ဖက်ဒရယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်တို့က ဦးဆောင်ကျင်းပသည့် အာတိတ်ဒေသဘေးကင်းလုံခြုံရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် ကမ္ဘာတွင် အထူးစိတ်ဝင်စားမှုမြင့်မားနေသည့် အာတိတ်ဒေသတွင် ကြုံတွေ့နေရသည့် ဘေးအန္တရာယ်အလိုက် ကြိုတင်အသိပေးချက် ထုတ်ပြန်နိုင်ရေး၊ ထိရောက်လျင်မြန်စွာ တုံ့ပြန်ရင်ဆိုင်နိုင်ရေးဆောင်ရွက်နေမှုဆိုင်ရာ အတွေ့အကြုံနှင့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာတိတ်ဒေသ ဘေးကင်းလုံခြုံရေးကဏ္ဍအသီးသီးမှ ကြိုးစားဆောင်ရွက်နေမှုနှင့် တက်ရောက်လာသည့် နိုင်ငံအလိုက် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း ညီလာခံသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ညီလာခံတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန၊ တက္ကသိုလ်များနှင့် လူမှုအဖွဲ့အစည်းများက အာတိတ်ဒေသရှိ လူပုဂ္ဂိုလ်များ ပြင်းထန်သော ရာသီဥတုအခြေအနေအောက်တွင် ဘေးကင်းလုံခြုံရေး စုစည်းဆောင်ရွက်မှုဆိုင်ရာ သုတေသနနှင့် အတွေ့အကြုံတွေ့ရှိချက်များကို တင်ပြဆွေးနွေးကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ညပိုင်းတွင် အာရခန်ဂလစ်မြို့ မြို့တော်ဝန်က မြို့တော်ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဘေးကင်းလုံခြုံသော အာတိတ်ဒေသအစီအစဉ် အမှတ်တရ ညစာစားပွဲသို့ တက်ရောက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃၁

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အသိဉာဏ်ပညာပြည့်စုံပြီး နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သော အင်အားစုကြီးကို ထူထောင်ရာတွင် တက္ကသိုလ်ဆရာ ဆရာမများအနေဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သော တာဝန်များကို စေတနာထား၍ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။



တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇)သို့ သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၂၉၂ ဦး စုစုပေါင်း ၃၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ၃၁ ရက်အထိ ရက်သတ္တ ၅ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးမှထွက်ရှိသည့် MSME ထုတ်ကုန်များအား အဆင့်အတန်းပြည့်မီစွာခင်းကျင်းပြသနိုင်ရေး အလေးထားဆောင်ရွက်

ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ ခင်းကျင်းပြသမည့် ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း(ဂုဇ) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်များ လာရောက်ခင်းကျင်းပြသပွဲများကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခင်လို အရောင်းပြခန်းများဖြင့် ပြသရောင်းချခြင်းအပြင် ပြိုင်ပွဲပါ ထည့်သွင်းဆောင်ရွက်မည်ဖြစ်၍ သမားရိုးကျ ခင်းကျင်းပြသခြင်းအပြင် အဆင့်တန်းပြည့်မီစွာ ပြိုင်ပွဲဝင်နိုင်ရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်အမယ်သစ်များ ဖော်ထုတ်ခြင်း၊ MSME လုပ်ငန်းရှင်သစ်များ ဖော်ထုတ်ခြင်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက နေပြည်တော်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် ဒေသထွက်ကုန်များ ခင်းကျင်းပြသ ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်း ကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သွားရောက်ပြသမည့် ပြည်တွင်းကုန်ကြမ်းသုံး ပစ္စည်းများ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များနှင့် OROP ထုတ်ကုန်များနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး အသေးစား၊ အငယ်စား၊ အလတ်စား MSME အေဂျင်စီအဖွဲ့ဝင်များက ယှဉ်ပြိုင်ပြသသွားမည့် တိုင်းဒေသကြီးဒေသထွက်ကုန်များ အကြံပြု ဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ ခင်းကျင်းပြသမည့် ဒေသထုတ်ကုန် ပစ္စည်းများအား ကြည့်ရှုအားပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဒေသထွက်ကုန်အမျိုးအစား ၆၅ မျိုးနှင့် အမယ်မျိုးစုံ ၇၀၀ ကျော် ခင်းကျင်းပြသမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

MSME ထုတ်ကုန်တွေ ပြည်ပကိုတင်ပို့နိုင်ဖို့ လိုအပ်တဲ့အရည်အသွေးတွေ၊ လုပ်ငန်းစဉ်တွေကို ဒီပြပွဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ပံ့ပိုးကူညီကြမှာဖြစ်ပါတယ်

နေပြည်တော် ဇန်နဝါရီ ၃၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပုဒ်တသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက် စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

မေး။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ ဘယ်လို စီစဉ် ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ကျင်းပရေး လုပ်ငန်းကော်မတီအနေနဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီတွေ ဖွဲ့စည်းတာ၊ လုပ်ငန်းတာဝန်တွေ ခွဲဝေသတ်မှတ်ပေးတာ၊ လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြတာ၊ လိုအပ်တဲ့အသုံးစရိတ် တွက်ချက်ပြီး ဦးစီးကော်မတီထံ ကြိုတင်ခွင့်ပြုချက်ရယူ ဆောင်ရွက်တာ၊ ဆပ်ကော်မတီတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အသုံးစရိတ်တွေကို ကြီးကြပ်ကွပ်ကဲပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး ပြည်နယ်တွေက MSME အေဂျင်စီဥက္ကဋ္ဌတွေက ကျင်းပရေး ဦးစီးကော်မတီမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ထုတ်ကုန်အမျိုးအစားအဖြစ် ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းတွေ၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်ပစ္စည်းတွေ၊ OROP ထုတ်ကုန်တွေနဲ့ စက်ပစ္စည်းတွေ ပါဝင်ပြီး စုစုပေါင်း ခြောက်မျိုး ပါဝင်ခင်းကျင်း ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

မေး။ ။ ပြခန်းတွေ ပါဝင်ပြသမှုအခြေအနေကို သိရှိလိုပါတယ်။

ဖြေ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲမှာ ဝန်ကြီးဌာနပြခန်းတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းတွေ၊ ရိုးရာအစားအစာ ရောင်းချဆိုင်ခန်းတွေ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှု (B2B)၊ နည်းပညာပြခန်း (Digital Corner)၊ ပြည်ပစက်ပစ္စည်းနဲ့ ထုတ်ကုန်ပြခန်းတွေ၊ လယ်ယာထုတ်ကုန်နဲ့ ပတ်သက်တဲ့ပြည်တွင်းကုမ္ပဏီပြခန်းတွေ၊ အသင်းအဖွဲ့တွေ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းနဲ့ ကုန်ထုတ်သမဝါယမ ပြခန်းတွေအပါအဝင် ပြခန်းပေါင်း ၉၅ ခန်း ပါဝင်ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ ဖျော်ဖြေရေးအတွက် တိုင်းရင်းသား ရိုးရာအကတွေ၊ ခေတ်ပေါ် တေးသီချင်းတွေ၊ မြန်မာသံစဉ်သီချင်းတွေ ပါဝင်မှာဖြစ်ပါတယ်။

မေး။ ။ MSME ထုတ်ကုန်ပြိုင်ပွဲမှာ ဘယ်လိုဆုတွေ ပေးအပ်သွားမယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ MSME ပြပွဲနဲ့ ပြိုင်ပွဲတွေကို အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနဲ့ သမဝါယမကုန်ထုတ်အသင်းတွေ ယှဉ်ပြိုင်ဖို့ စံသတ်မှတ်ချက် Criteria တွေအနေနဲ့ ကုန်ထုတ်လုပ်မှု Supply Chain တစ်လျှောက် ပြည်တွင်းကုန်ကြမ်းတွေ အသုံးပြုတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တာ၊ ဆန်းသစ်တီထွင်နိုင်တာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်တွေ ထုတ်လုပ်နိုင်တာ၊ ထုတ်ကုန်ရဲ့ အရည်အသွေးမှန်ကန်တာ၊ သန့်ရှင်းသပ်ရပ်တာ၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးမှုကောင်းမွန်တာ၊ ဈေးကွက်လိုအပ်ချက်ကိုက်ညီတဲ့ ပြည်ပသွင်းကုန် အစားထိုးပြည်တွင်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်တာနဲ့ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်တာ၊ ဈေးကွက်ထိုးဖောက်နိုင်မှုနဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေးအစီအမံတွေ ဆောင်ရွက်ထားတာ၊ ထုတ်ကုန်အရည်အသွေးနဲ့ လုပ်ငန်းတိုးတက်ရေးကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး နည်းပညာနဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုတွေဆောင်ရွက်တာ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုကောင်းမွန်တာ၊ လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်တွေ ရရှိတာ၊ ဒစ်ဂျစ်တယ် စီးပွားရေးအသွင်ကူးပြောင်းမှုမှာ လိုက်ပါဆောင်ရွက်တာ၊ စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်တာ၊ အစိမ်းရောင်ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်တာ၊ ထုတ်ကုန်တွေ ပြန်လည်အသုံးပြုတဲ့ ပတ်လည်စီးပွားရေးစနစ် (Circular Economy) ကျင့်သုံးဖော်ဆောင်တာဆိုပြီး စံသတ်မှတ်ချက်တွေ သတ်မှတ်ထားပါတယ်။

ပြိုင်ပွဲခေါင်းစဉ် အမျိုးအစား ခြောက်မျိုးအနက် လေးမျိုးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းအနေနဲ့ စံပြထုတ်ကုန်ဆု လေးဆုတို့ကို ပေးအပ်သွားမှာဖြစ်ပါတယ်။ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်း၊ အလတ်စားစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းအဖွဲ့တွေရဲ့ စွမ်းဆောင်ရည်ဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်း (SSID) စံပြထုတ်ကုန်ဆု(စားသောက်ကုန်၊



ဦးသိန်းဆွေ

လူသုံးကုန်၊ ရက်ကန်း၊ လက်မှု)၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဒေသ ၁၅ ခုအတွက် ဆု ၁၅ ခုဆိုပြီး ဆုအမျိုးပေါင်း ၃၁ မျိုးကို ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေက ဘယ်လို အကျိုးပြုတယ်၊ အထောက်အကူပြုတယ်ဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ထုတ်ကုန် ပြပွဲပြိုင်ပွဲမှာ လာရောက်ပြသ ရောင်းချခြင်းအားဖြင့် လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ဒေသတစ်ခုရဲ့ လိုအပ်ချက်ကို အခြားဒေသက ဖြည့်ဆည်းလာနိုင်မှာဖြစ်ပါတယ်။ အားသာချက်၊ အားနည်းချက်တွေကို သိမြင်လာစေပြီး ထုတ်ကုန်ပစ္စည်းတွေအနေနဲ့ "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရမယ်၊ ပစ္စည်းခြင်းတူပါက အရည်အသွေးကောင်းရမယ်"ဆိုတဲ့အတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာတဲ့ ဒေသအသီးသီးက ထုတ်ကုန်တွေကို အများပြည်သူတွေ သုံးစွဲနိုင်မှာဖြစ်ပါတယ်။

လုပ်ငန်းစီးပွား ချိတ်ဆက်မှုပြခန်းတွေကနေ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေတဲ့ အကျိုးတွေဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဆုရရှိတဲ့ လုပ်ငန်းရှင်တွေက နိုင်ငံတော်အဆင့် ဖြစ်တဲ့အတွက် မိမိတို့ Brand က တစ်ခါတည်း ထိုးဖောက်ပြီး ဈေးကွက်လည်းရရှိသွားမှာဖြစ်ပါတယ်။ Digital Corner တွေ ပါဝင်တဲ့အတွက် MSME လုပ်ငန်းရှင်တွေအနေနဲ့ Digital အသွင်ကူးပြောင်းနိုင်ရေးအတွက် လိုအပ်တဲ့နည်းပညာ၊ အသိပညာ၊ ဗဟုသုတတွေ၊ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားမှာ ဖြစ်ပါတယ်။

MSME ထုတ်ကုန်တွေ ပြည်ပကို တင်ပို့နိုင်ဖို့ လိုအပ်တဲ့အရည်အသွေးတွေ၊ လုပ်ငန်းစဉ်တွေကို ဒီပြပွဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ပံ့ပိုးကူညီကြမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ သွင်းကုန်အစားထိုးထုတ်ကုန်တွေ၊ ပြည်ပပို့ကုန် (Export)တွေ တိုးမြှင့်နိုင်ပြီး နိုင်ငံခြားဝင်ငွေတွေ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။ သွင်းကုန်အစားထိုးထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်တဲ့အတွက် နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ကျစေပြီး ပြည်တွင်းစီးပွားရေးကို ဦးမော့လာစေမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်ရာရောက်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားဘဝတိုးတက်လာစေမှာဖြစ်ပါတယ်။

မေး။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။

ဖြေ။ ။ ပြပွဲပြိုင်ပွဲမှာ ကဏ္ဍပေါင်းစုံက လာရောက် ပြသမှာဖြစ်တဲ့အတွက် ပြည်သူတွေ MSME လုပ်ငန်းစတင်လိုသူတွေနဲ့ တကယ်လုပ်ကိုင်နေတဲ့ လူတွေအတွက် အခွင့်အရေးတွေ၊ အသိပညာ၊ နည်းပညာ၊ စီးပွားရေးဗဟုသုတတွေ များစွာရရှိမှာဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေကို တစ်နေရာတည်းမှာ လာရောက်သုံးဆောင်နိုင်မှာဖြစ်သလို အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာတဲ့ ဒေသအသီးသီးက ထုတ်ကုန်တွေကို လာရောက်လေ့လာဝယ်ယူနိုင်ပါတယ်ဆိုတာကို သတင်းစကားပါးလိုပါတယ်။

တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း
ဓာတ်ပုံ-ကိုကြီးထိန်





နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော် ဧန်နဝါရီ ၃၁

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန် အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။



သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့

စာမျက်နှာ ၁၅ သို့ ❖





❖ စာမျက်နှာ ၁၄ မှ

အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကို လည်း ယခုလိုပဲ ကြားသိရပါတယ် -







သင်တန်းသား တစ်ယောက် အနေနဲ့ ဘယ်လိုဆက်ပြီး တာဝန်ထမ်းဆောင်သွားမလဲ ဆိုရင် အခုလို သင်ကြားပို့ချပေးတဲ့ ပညာရပ်တွေကို လက်တွေ့အကျိုးရှိရှိ အသုံးချပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ လူမျိုးတွေကို ဆက်လက်ပြီးတော့ ကျေးဇူးနေရာဒေသတွေမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာနဲ့ ထမ်းဆောင် သွားမယ်လို့ ပြောချင်ပါတယ်။

ကျွန်တော်ကတော့ ဒီသင်တန်းမှာ လက်ဖြောင့်ဆုရရှိခဲ့တာပါ။ ကြိုးစား သင်ယူမှုကတော့ ကျွန်တော်တို့ နည်းပြတွေ ပြောထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ဖို့ပဲ လိုပါတယ်။ နည်းပြတွေအနေနဲ့ မှန်ကန်တဲ့ နည်းလမ်းကို ကျွန်တော်တို့ကို ရှေ့ဆောင် ပို့ခဲ့တဲ့အတွက် ကျွန်တော်တို့ကလည်း ကောင်းကောင်းမွန်မွန် လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ စရောက်တုန်းကတော့ သူငယ်ချင်းမရှိလို့ စိတ်ညစ်မှုတွေ စိတ်ဖိစီးမှုတွေ များတာပေါ့။ အခုနောက်ပိုင်း တစ်ပတ် နှစ်ပတ်ကြာတော့ သူငယ်ချင်းအသစ်တွေနဲ့ ကိုယ့်အိပ်ဆောင်နဲ့ကိုယ် နေရတော့ သင်တန်းမှာနေရတာ ကျွန်တော်ပျော်ရွှင်လာပါတယ်။ တော်တော်လေးလည်း ပျော်ခဲ့ပါတယ်။ စရောက်လာတုန်းကတော့ မိသားစုနဲ့ခွဲရတော့ ဝမ်းနည်းသလို အခုကျတော့ သူငယ်ချင်းတွေနဲ့ ခွဲရမယ်ဆိုတော့ အလွန်ပဲဝမ်းနည်းမိပါတယ်။ အဓိကကတော့ မိမိဆန္ဒသဘောအတိုင်း ဝင်လာတာဖြစ်ပါတယ်။ အရပ်သားစိတ်ဓာတ်နဲ့တော့ တော်တော်ကြီး ကွာခြားသွားတာပေါ့နော်။ ကျွန်တော် အရင်ကဆို ပေါ့ပေါ့နေ ပေါ့ပေါ့စားတယ်။ ဟိုသွားမယ် ဒီသွားမယ် အလုပ်လုပ်မယ်။ အိမ်ရောက်ရင် စားမယ်သောက်မယ် ဒီလောက်ပဲ သိခဲ့တာပါ။ အခုတပ်မတော်ထဲရောက်လာတော့ စည်းကမ်းပိုင်းတွေဘာတွေ တော်တော်ရင့်ကျက်လာတယ်။ အသိဉာဏ်တွေပိုပြီး ဖွံ့ဖြိုးလာတယ်ပေါ့။ အဲဒါကို ကျွန်တော် ခံယူမိပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဆင်ဖြူကျွန်းမြို့အနီးရှိ ကျေးရွာနှစ်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ဟု မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့အနီးရှိ အုန်းတောရွာနှင့် ကညပ်ရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအား ငွေကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် အနိုင်ကျင့်ခြိမ်းခြောက်မှုများအား ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအားမီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

ရန်ကင်းမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်

ရန်ကင်း ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၅)ရပ်ကွက် မိုးကောင်းလမ်းရှိ မိုးကောင်းရတနာ ဆေးရုံ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ရှေးဦးလက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြမှုများကို ယနေ့မွန်းလွဲ ၁နာရီက သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းက ဝန်ထမ်းများအနေဖြင့် မီးချိတ်မီးကပ်များနှင့်သဲအိတ်များ ထားရှိကြရန်၊ ရှုပ်ထွေးနေသော ဝိုင်ယာကြိုးများနှင့် ဆွေးမြည့်နေသော ဝိုင်ယာကြိုးများအား လဲလှယ်ခြင်းများ ပြုလုပ်ကြရန်၊ ရေသိုလှောင်ထားရှိရန်၊ ရုံးဆင်းရုံးပြန်မိနစ်တင်မိနစ်ချ ခလုတ်များ သေချာစွာပြုလုပ်ပြီးမှ အိမ်ပြန်ကြရန် ရှင်းလင်းပြောကြားပြီး ရှေးဦးလက်တွေ့မီးငြိမ်းသတ်ပုံ အဆင့်ဆင့်၊ မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်၊ ဆေးရုံရှိ Fire Hydrant နှင့် ပါတွဲဖက်၍ လက်တွေ့ ရေထွက်စမ်းသပ် သရုပ်ပြခြင်းတို့အား ဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

လှလှထွေး

ချင်းပြည်နယ်အစိုးရက ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်



တီးတိန် ဇန်နဝါရီ ၃၁

ချင်းပြည်နယ် တီးတိန်မြို့ ဟောက်ပီးကျေးရွာ(တွောင်ဒုံ)အလင်းသစ်စာကြည့်တိုက်အတွက် ချင်းပြည်နယ်အစိုးရက ငွေကျပ်သိန်း ၁၀၀ ပေးအပ်ခြင်းကို တီးတိန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့မွန်းလွဲပိုင်းက ပြုလုပ်ရာ တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက စာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်သည်။

အလင်းသစ်စာကြည့်တိုက်သည် ဟောက်ပီးကျေးရွာ(တွောင်ဒုံ)ပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ပြီး ဒီဇင်ဘာလ၌ ဆောက်လုပ်ပြီးစီးခဲ့သော ကျေးရွာစာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

မိုးမိုး

မြန်အောင်မြို့နယ်၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

မြန်အောင် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေးက သင်တန်းတွင် သင်ကြားပို့ချပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၆ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဧရာဦးသာ



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ထင်ရှားကျော်ကြား ကမ္ဘာ့ရေဝပ်ဒေသများ

သစ်တောမောင်



အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်တော်ဒဲတောမှ မယ်ဉချို (Greyheaded Swamphen) ငှက်များ ကျက်စားလျက်ရှိစဉ်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)

နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့သည် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ရေဝပ်ဒေသများ၏ တန်ဖိုးကို မီးမောင်းထိုးပြရန်သာမက ရေဝပ်ဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေနေသတ္တဝါများ၊ ဆောင်းခိုငှက်များနှင့် ရေဝပ်ဒေသဂေဟစနစ်များထိန်းသိမ်းရေး၊ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သောနေ့လည်းဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်ဖြစ်သည့် **“Protecting Wetlands for Our Common Future” “အနာဂတ်ဘဝ ဖူလုံဖို့၊ ရေဝပ်ဒေသများ ကာကွယ်စို့”** ဟူသည့် ဆောင်ပုဒ်သည် လူသားအားလုံး၏ လူမှုဘဝဖူလုံရေးအတွက် ရေဝပ်ဒေသများ၊ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝနေရင်းဒေသများကို ထိရောက်စွာကာကွယ်ရေးသည် အရေးတကြီး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။

ရေဝပ်ဒေသများ

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက်ခြောက်မိတာ ထက်ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီသို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့ညွန်မြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကို ခေါ်ဆိုပါသည်။

ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများဟူ၍ သုံးပိုင်းခွဲခြားထားပါသည်။ ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နှံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့်မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့်မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများ ပါဝင်ပါသည်။

ရေဝပ်ဒေသများသည် လူသားများအတွက် အရေးပါသည့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ၊ အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဓိကအားဖြင့် မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှုတိုးပွားပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊ ရေချို့များပံ့ပိုးပေးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့် လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားရေရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။

ရေဝပ်ဒေသများသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက် အရေးပါသည့် အလျောက် ရေဝပ်ဒေသများ ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် “ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)” ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar) ၌ ဖွဲ့စည်းခဲ့ပါသည်။ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိပြီး နိုင်ငံတကာအဆင့်အရေးပါသော ရေဝပ်ဒေသပေါင်း ၂၅၆ ခု ရှိကာ စုစုပေါင်း ဧရိယာ ၂၅၇၃၃၈၂၈ ဟက်တာ ရှိပါသည်။

အာဖရိက၊ အာရှ၊ ဥရောပနိုင်ငံများ၊ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများ၊ မြောက်အမေရိက၊ သမုဒ္ဒရာပိုင်းနိုင်ငံများ ဟူ၍ ဒေသအလိုက် ပိုင်းခြားသတ်မှတ် ထိန်းသိမ်းထားလျက်ရှိပါသည်။ အဆိုပါ နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသများကို **“ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ”** ဟုလည်း ခေါ်ဆိုပါသည်။ ရမ်ဆာ (Ramsar) ရေဝပ်ဒေသများအများဆုံးရှိသည့်နိုင်ငံများမှာ ယူနိုက်တက်ကင်းဒမ်းဖြစ်ပြီး ရမ်ဆာရေဝပ်ဒေသ ၁၇၆ ခု ရှိ၍ ဒုတိယအများဆုံးမှာ မက္ကဆီကိုနိုင်ငံဖြစ်ပြီး ရမ်ဆာရေဝပ်ဒေသ ၁၄၄ ခု ရှိပါသည်။

“ရမ်ဆာ (Ramsar) ရေဝပ်ဒေသ” အဖြစ် သတ်မှတ်ခံရနိုင်ရန်အတွက် စံသတ်မှတ်ချက် (၉) ချက်ရှိပြီး အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီသောရေဝပ်ဒေသများကို နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာ ရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။ အဓိက စံသတ်မှတ်ချက်များမှာ ဇီဝဘူမိထူးခြားသည့်ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကိုပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။

ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကွန်ဗင်းရှင်း အပေါ် ထားရှိရသည့် အဓိက ကတိကဝတ်တစ်ခုမှာ စံသတ်မှတ်ချက်နှင့် ကိုက်ညီသော ရေဝပ်ဒေသများကို Ramsar List ဟု လူသိများသော နိုင်ငံတကာအရေးပါသော ရေဝပ်ဒေသများစာရင်းတွင် ထည့်သွင်းသတ်မှတ်ဖော်ပြရန်ဖြစ်ပါသည်။ “ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)” အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေဝပ်ဒေသများအားလုံးကို အကျိုးရှိစွာ စနစ်တကျအသုံးချခြင်း၊ နိုင်ငံတကာအဆင့် အရေးပါသည့် ရေဝပ်ဒေသများ (ရမ်ဆာရေဝပ်ဒေသများ)ကို ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာပူးပေါင်းမှုများဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ရေဝပ်ဒေသများ၊ အဆိုပါရေဝပ်ဒေသများရှိ သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသ

ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသသည် ဩစတြေးလျနိုင်ငံရှိ Cobourg ကျွန်းဆွယ် (ဆိုဒ်အမှတ် ၁) ဖြစ်ပြီး ၁၉၇၄ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ ကိုဘော့ (Cobourg) ကျွန်းဆွယ်သည် ဧရိယာအားဖြင့် ၂၂၀၇၀၀ ဟက်တာကျယ်ဝန်းပြီး ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစွာတည်ရှိသည့်အတွက် ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။

ကိုဘော့ (Cobourg) ကျွန်းဆွယ်တွင် ကြီးမားသောအပင်များနှင့် တောရိုင်းတိရစ္ဆာန်များ၊ ပင်လယ်လိပ်များကဲ့သို့ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၊ ရေပျော်ငှက်များ နေထိုင်ကျက်စားလျက်ရှိပြီး မိကျောင်းများ၊ လင်းပိုင်များ၊ ငါးမန်းများ၊ လိပ်များ၊ ရေပျော်ငှက်များနှင့် ငါးများအတွက် ဘေးကင်းသောပတ်ဝန်းကျင်တစ်ခုလည်းဖြစ်သည်။ အဆိုပါတိရစ္ဆာန်များအတွက် မျိုးပွားခြင်း၊ သားပေါက်ခြင်းနှင့် အစားအစာများအတွက် ခိုကိုးရာ၊ ထောက်ပံ့ပေးရာ နေရာလည်းဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်သော ကမ်းရိုးတန်းငှက်များ၊ ရေပျော်ငှက်များခိုလှုံရာနေရာ (Refuge) အတွက် အရေးကြီးသော နားခိုရာနေရာတစ်ခုလည်းဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အချိန်ထိ ရမ်ဆာရေဝပ်ဒေသ ၆၇ ခု (ဟက်တာ ၈ ဒသမ ၃ သန်းကျော်) သတ်မှတ်ထားပြီးဖြစ်ပါသည်။

ကမ္ဘာ့အကြီးဆုံး ရမ်ဆာရေဝပ်ဒေသ

ဂီရိ–တွန်ဘာ–မိန်းဒွန်ဘီ (Ngiri–Tumba–Maindombe) ရမ်ဆာရေဝပ်ဒေသ (ဆိုဒ်အမှတ် ၉၅၀) သည် ရမ်ဆာကွန်ဗင်းရှင်းမှအသိအမှတ်ပြုထားသည့် ကမ္ဘာ့အကြီးဆုံး ရေဝပ်ဒေသဖြစ်သည်။ အဆိုပါနေရာသည် ကွန်ဂိုနိုင်ငံအနောက်ပိုင်းရှိတွန်ဘာရေကန် (Tumba Lake) ဝန်းကျင်ဒေသတွင်ရှိပြီး ဧရိယာအကျယ်အဝန်း ၆၅၆၉၆၂၄ ဟက်တာရှိ၍ ဘယ်လ်ဂျီယံနိုင်ငံအရွယ်အစားထက် နှစ်ဆပိုကြီးမားပါသည်။ သစ်တောနှင့်အမြဲတမ်း သို့မဟုတ် ရာသီအလိုက် ရေကန်များနှင့် စိမ့်မြေဧရိယာကျယ်ပြန့်စွာပါဝင်နေသည့် အဆိုပါဧရိယာသည် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတန်ဖိုးများစွာရှိသည်။

ရေဝပ်ဒေသအတွင်းတွင် ကျွဲ၊ မျောက်မျိုးစိတ်အမျိုးမျိုး၊ တောဆင်များ၊ ကျားသစ်များနှင့် အခြားများစွာသော တောရိုင်းတိရစ္ဆာန်များ၊ ရေပျော်ငှက်များစွာကို တွေ့နိုင်ပါသည်။ စိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းကဲ့သို့သော ဆောင်ရွက်မှုများသည် ရေဝပ်ဒေသအပေါ်တွင်မှီခိုနေသော ဒေသခံပြည်သူများအတွက် ဝင်ငွေတိုးပွားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကွန်ဂိုနိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အချိန်ထိ ရမ်ဆာရေဝပ်ဒေသ ၁၄ ခု (၁၃၈၁၈၅၅ ဟက်တာ) သတ်မှတ်ထားပြီးဖြစ်ပါသည်။

အာရှအကြီးဆုံး ရေဝပ်ဒေသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အတွင်းမွန်ဂိုးလီးယားဒေသ (Inner Mongolia) မှ **အာဂန်း (Ergun) ရေဝပ်ဒေသ**သည် တရုတ်နိုင်ငံ၏ ရင်သပ်ရှုမောဖွယ် အကောင်းဆုံးနှင့် ဂေဟဗေဒအရ အရေးပါဆုံး ရေဝပ်ဒေသများထဲမှတစ်ခုဖြစ်ပြီး ကျယ်ပြန့်သောမြက်ခင်းများ၊ စိမ့်မြေများ၊ မြစ်များနှင့် သစ်တောများ လွှမ်းခြုံထားပါသည်။ အကွေ့အကောက်များသော အာဂန်း (Ergun) မြစ်နှင့် ၎င်း၏ မြစ်လက်တက်များသည် စီးဆင်းနေသော ရေလမ်းကြောင်းနှင့် စိမ်းလန်းစိုပြည်သော ရှုခင်းများကို ဖန်တီးပေးသည့် ရင်သပ်ရှုမောဖွယ်ရှုခင်းများကြောင့် ကျော်ကြားခြင်းဖြစ်ပါသည်။

“ရေဝပ်ဒေသများသည် လူသားများအတွက်အရေးပါသည့် ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများ၊ အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဓိကအားဖြင့် မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှုတိုးပွားပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊ ရေချို့များပံ့ပိုးပေးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေး စသည့်လုပ်ငန်းများအတွက် အထောက်အပံ့ပြု”

စာမျက်နှာ ၁၇ သို့

❁ စာမျက်နှာ ၁၆ မှ

ရေစိုမြေများ၊ စိမ့်များ၊ ရေလွှမ်းမြေများ၊ သစ်တောများနှင့် ကွဲပြားနေသော ရေကန်အချို့ကို လွှမ်းခြုံထားသည်။ မတူကွဲပြားသော အပင်မျိုးစိတ်များ၊ ငှက်များနှင့် အခြားတောရိုင်းတိရစ္ဆာန်များအတွက် မရှိမဖြစ်လိုအပ်သော နေရင်းဒေသတစ်ခုလည်းဖြစ်သည်။ အာဂန်း (Ergun) ရေဝပ်ဒေသသည် ဧရိယာ ဟက်တာ ၁၂,၀၀၀ ကျော်ကျယ်ဝန်းပြီး တရုတ်နိုင်ငံတွင် အကြီးဆုံးရေဝပ်ဒေသဖြစ်သကဲ့သို့ အာရှတွင်လည်း အကြီးဆုံးရေဝပ်ဒေသများထဲမှ တစ်ခုဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အခြားထင်ပေါ်ကျော်ကြားသော ရမ်ဆာရေဝပ်ဒေသတစ်ခုမှာ ဂွန်ဒေါင်းရှန်ကျန်းဖူတီယန် ဒီရေတောရေဝပ်ဒေသ (Guangdong Shenzhen Futian Mangrove Wetlands) (ဆိုဒ်အမှတ် ၂၅၁၈) ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာအဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။

ရှန့်ကျန်းပင်လယ်အော်၏ အရှေ့မြောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင်တည်ရှိပြီး ကျယ်ပြန့်သောရွှံ့ညွန့်တောများနှင့် ဒီရေတောများရှိသော မြစ်ကမ်းစပ်၊ မြစ်များဆုံစည်းရာ ပင်လယ်ပြင်တွင် တည်ရှိပါသည်။ ၎င်းရမ်ဆာရေဝပ်ဒေသသည် အရှေ့အာရှ-ဩစတြေးလျှ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway–EAAF) တွင်လည်း ကျရောက်နေပါသည်။ ဖူတီယန်ဒီရေတောတွင် ဒီရေတောအပင်မျိုးစိတ် ၁၉ မျိုးကို ထိန်းသိမ်းထားရှိပြီး ငှက်မျိုးစိတ် ၂၆၀ ကျက်စားလျက်ရှိပါသည်။

နှစ်စဉ် ရေပျော်ငှက်ကောင်ရေ ၁၀၀၀၀၀ ၏ ဆောင်းခိုရာနေရာတစ်ခုလည်းဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရေဝပ်ဒေသများ ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ဂေဟဗေဒစနစ်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အတွေးအမြင်ဖြင့် ရေဝပ်ဒေသများထိန်းသိမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်စေရေး အတူတကွ စီမံဆောင်ရွက်လျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး လက်ရှိအချိန်ထိ ရမ်ဆာရေဝပ်ဒေသပေါင်း ၈၂ ခု သတ်မှတ်ထားပြီးဖြစ်ပါသည်။ စုစုပေါင်းရေဝပ်ဒေသ ဧရိယာ ၇၆၄၇၉၅ ဟက်တာရှိပြီး ရေဝပ်ဒေသအမျိုးအစား စုံလင်ပြည့်စုံစွာပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသ၏ ထင်ရှားသော ရေဝပ်ဒေသများ

ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသသည် ကမ္ဘောဒီးယားနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသ ငါးခုအနက် အထူးထင်ရှားကျော်ကြားသော ရေဝပ်ဒေသတစ်ခုဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ (ဆိုဒ်အမှတ် ၂၂၄၅) သည် အကောင်းမွန်ဆုံးသော ရေလွှမ်းလွင်ပြင်များ၊ ရေချိုဂေဟစနစ် ရွှံ့ညွန့်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး ဧရိယာအားဖြင့် ၂၁၃၄၂ ဟက်တာရှိပါသည်။ ၂-၁၀-၂၀၁၅ ရက်နေ့တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။

မြန်မာနိုင်ငံရှိ အင်းလေးကန်ကဲ့သို့ပင် ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ၏ ဒေသခံပြည်သူများသည် ရေပေါ်အိမ်များတွင် နေထိုင်ကြပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် ငါးဖမ်းခြင်းနှင့် အခြားရေလုပ်ငန်းများကို မှီခိုနေထိုင်ကြသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်သည့်နေရာလည်း ဖြစ်ပါသည်။ ရေပျော်ငှက်မျိုးစိတ်များစွာအတွက် နေရင်းဒေသများ၊ သားပေါက်မွေးမြူနိုင်သည့် နေရင်းဒေသများစွာကို ထောက်ပံ့ပေးထားသည်။

ဂေဟစနစ်ကောင်းမွန်သော ရေလွှမ်းလွင်ပြင်များကို ပိုင်ဆိုင်သည့် ပရက်တိုး (Prek Toal) ရေဝပ်ဒေသသည် ရေချိုဂေဟစနစ်ရွှံ့ညွန့်တောများကိုပိုင်ဆိုင်ထားပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်များဖြစ်သည့် River Terrapin (*Batagur baska*)၊ Giant Barb (*Catlocarpio siamensis*)၊ Siamese crocodile (*Crocodylus siamensis*) နှင့် Mekong giant catfish (*Pangasianodon gigas*) တို့ ကျက်စားနေထိုင်ပါသည်။ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်ဖြစ်သည့် Greater Adjutant (*Leptoptilos dubius*) နှင့် Masked Finfoot (*Heliopais personatus*) တို့ ကျက်စားနေထိုင်ခြင်းသည် ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ၏ ထူးခြားသော တန်ဖိုးများဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ကရာဘီမြစ်ဝှမ်း (Krabi Estuary)ရမ်ဆာရေဝပ်ဒေသ (ဆိုဒ်အမှတ် ၁၁၀၀) သည် ထင်ရှားကျော်ကြားသော ရမ်ဆာရေဝပ်ဒေသဖြစ်ပြီး ဧရိယာအားဖြင့် ၂၁၉၉ ဟက်တာရှိကာ ၅-၇-၂၀၀၁ ရက်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ထိုင်းနိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး လက်ရှိအချိန်ထိ ရမ်ဆာရေဝပ်ဒေသပေါင်း ၁၅ ခု သတ်မှတ်ထားပြီး ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသအမျိုးအစားများမှာ အဏ္ဏဝါအမျိုးသားဥယျာဉ်များ (Marine National Park)၊ မြစ်ဝှမ်းဒေသများ



ဖိုးဖွနိုးကြွေးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျဲကျောင်းမျိုင်း (Cattle Egret) များ ကျက်စားနေသည်ကို တွေ့ရစဉ်။

(Estuaries)၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ (Wildlife Sanctuaries)၊ မြစ်ကြောင်းဧရိယာများ အစရှိသဖြင့် အမျိုးအစားစုံလင်လှပါသည်။ ကရာဘီမြစ်ဝှမ်း ရမ်ဆာရေဝပ်ဒေသအပါအဝင် ရမ်ဆာရေဝပ်ဒေသများတွင် ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်အတူ ကျေးရွာလူထုအခြေပြု ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်မှုများကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသများ

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများစီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority) အဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ **မြန်မာနိုင်ငံတွင် ရမ်ဆာရေဝပ်ဒေသများကို သတ်မှတ်ထိန်းသိမ်းလျက်ရှိရာ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း၊ နှံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း၊ တံတားဦးမြို့အနီးရှိ ပြုကန်ရေဝပ်ဒေသကို ၂၀၂၄ ခုနှစ်တွင် လည်းကောင်း** နိုင်ငံတကာအဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသစုစုပေါင်းဧရိယာ ၂၇၈၉၁၃ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရမ်ဆာရေဝပ်ဒေသမှာ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (ဆိုဒ်အမှတ် ၁၄၃၁) ဖြစ်ပြီး မိုးယွန်းကြီးအင်းအပါအဝင် ရေဝပ်ဒေသများ၌ နယ်မြေခွဲခြားခြင်းအား အမာခံထိန်းသိမ်းရေးနယ်မြေ (ငှက်နှင့်ငါးသားပေါက်ရန်၊ ဆောင်းခိုငှက်များ မှီခိုကျက်စားနိုင်ရန်အတွက် သုတေသနလုပ်ငန်းမှအပ ဝင်ရောက်ခြင်း ခွင့်မပြု)၊ ကြားခံနယ်မြေ (ဖွံ့ဖြိုးရေးဇုန်တွင် ငါးဖမ်းခြင်း၊ အင်းဆက်စုဆောင်းခြင်းနှင့် အကျိုးရှိစွာအသုံးပြုရေးဇုန်နယ်မြေတွင် ငါးဖမ်းခြင်း၊ အင်းဆက်စုဆောင်းခြင်း၊ ကျွဲ၊ ဘဲစားကျက်ချခြင်း၊ ဆိုင်ရာဆိုင်ခွင့်နှင့်အညီ လယ်စိုက်ခြင်း) စသဖြင့် ခွဲခြားပြီးစီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိပါသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ်အောက်တိုဘာလမှ ဧပြီလအထိ ကျရောက်ကျက်စားကြပါသည်။ မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ်ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သောမျိုးစိတ် ပို့ချပ်ဘဲ (Common Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါး မျိုးစိတ် ဘဲနီစပ် (Ferruginous Pochard)၊ ခရုစုတ်အနက် (Black-headed Ibis)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew)၊ ဘဲတောင်ရှည် (Falcated Duck) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် ကြိုးကြာခေါင်းနီ (Sarus Crane)၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် ငှက်ကြီးဝန်ပို (Spot-billed Pelican)၊ ဥပန်း (Oriental Darter) မျိုးစိတ်များအား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများတွင် တွေ့ရှိနိုင်ပါသည်။

သစ်တောဦးစီးဌာန၏ နှစ်စဉ် ငှက်စာရင်းကောက်ယူမှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၁၁ မျိုးနှင့် ကောင်ရေ ၂၃၉၃၆ ကောင်၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၂၄ မျိုးနှင့် ကောင်ရေ ၄၈၄၆၄ ကောင်၊ အင်းလေးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၂၈ မျိုးနှင့် ကောင်ရေ ၁၆၆၈၀၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၄၉ မျိုးနှင့် ကောင်ရေ ၁၈၈၉၃ ကောင်တို့ နေထိုင်ကျက်စားကြောင်း လေ့လာတွေ့ရှိရပါသည်။

အနာဂတ်ဘဝ ဖူလုံဖို့၊ ရေဝပ်ဒေသများ ကာကွယ်စို့

ယခုအခါတွင် လူဦးရေတိုးတက်လာမှု၊ မြို့ပြများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများ တိုးချဲ့လာခြင်း၊ ရေအလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်များ၊ စိုက်ပျိုးရေး၊ စက်မှု၊ ရွှေနှင့် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများများပြားလာခြင်း၊ အိမ်ထောင်စုများမှ အညစ်အကြေးများ စွန့်ပစ်မှုနှင့် အခြားမြေအသုံးချမှုသို့ ပြောင်းလဲမှုများကြောင့် ရေဝပ်ဒေသများ ပျောက်ကွယ်ခြင်းနှင့် ပျက်စီးယိုယွင်းခြင်း၊ အရည်အသွေး ကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ မြို့ပြပတ်ဝန်းကျင်ရှိ ရေဝပ်ဒေသများ၏ ရေလွှမ်းလွင်ပြင် ဧရိယာများလျော့ပါးခြင်း၊ ပျောက်ကွယ်ခြင်းတို့ကြောင့် ရေဝပ်ဒေသများ၏ ရေစီးဆင်းသိုလှောင်နိုင်မှု စွမ်းရည်များ ကျဆင်းပြီး ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်စေပါသည်။ ရေဝပ်ဒေသဂေဟစနစ် ယိုယွင်းပျက်စီးခြင်းကြောင့် ရေနေသတ္တဝါအမျိုးမျိုး၊ ဒေသမျိုးရင်း ငါးမျိုးစိတ်များနှင့် ရေနေအပင်များ ဆုံးရှုံးပျောက်ကွယ်သကဲ့သို့ ရေလုပ်ငန်းများကို မှီခိုနေရသော ဒေသခံရေလုပ်ငန်းများ၏ လူမှုစီးပွားကျဆင်းစေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နောင့်နှေးစေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဂေဟစနစ်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသော ရေဝပ်ဒေသများ ထိန်းသိမ်းရေးကို နိုင်ငံအဆင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန် ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ (National Wetland Committee) ကိုလည်း ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး "အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ" ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားရေဝပ်ဒေသမူဝါဒ (၆)ရပ်ဖြစ်သည့် ကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းခြင်း၊ ပူးပေါင်းပါဝင်လာခြင်း၊ သိမြင်နိုးကြားမှုမြှင့်တင်ခြင်း၊ ဒေသနှင့် နိုင်ငံတကာ ရေဝပ်ဒေသအစီအစဉ်များတွင်ပါဝင်ခြင်း စသည့်မူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စေရန် အထူးအရေးကြီးပါသည်။

ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ရေဝပ်ဒေသဂေဟစနစ်နှင့် ရေပျော်ငှက်ထိန်းသိမ်းရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာမှ သိမြင်နိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးတို့၌ ရေဝပ်ဒေသများ၏ အရေးကြီးသည့် အခန်းကဏ္ဍအား ပြည်သူလူထုနှင့် ဆက်စပ်ပတ်သက်သူများအကြား ပိုမိုသိရှိနားလည်စေရန်နှင့် ဆက်စပ်ပတ်သက်သူများအကြား ရေဝပ်ဒေသထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာအသုံးချခြင်းတို့တွင် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

"Protecting Wetlands for Our Common Future" "အနာဂတ်ဘဝ ဖူလုံဖို့၊ ရေဝပ်ဒေသများ ကာကွယ်စို့" ဟူသည့် ယခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်နှင့်အညီ ကောင်းမွန်သော အနာဂတ်များ ပိုင်ဆိုင်နိုင်ရန်အတွက် ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းများတွင် ဆက်စပ်ပတ်သက်သည့်ဌာနများ၊ အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများအားလုံး တက်ကြွစွာပူးပေါင်းပါဝင်ပေးကြပါရန် အလေးထားတိုက်တွန်းနှိုးဆော်လျက် **ကမ္ဘာ့ရေဝပ်ဒေသများနေ့**ကို ဂုဏ်ပြုလိုက်ပါသည်။ ။

ကျမ်းကိုးစာရင်း-

1. **https://www.ramsar.org/countries**
2. **https://www.worldwetlandsday.org/en/home**
3. **အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ (၂၀၁၉)**

မအူပင်မြို့နယ် လက်ပံကျွန်းကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကျင်းပ

ပုသိမ် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွှေလှေသောင်ကျေးရွာအုပ်စု လက်ပံကျွန်းကျေးရွာတွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား၊ စာကြည့်တိုက်ပန်းတင်အခမ်းအနားနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတို့ကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လက်ပံကျွန်းကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွေးနုံသာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်း မီတာတပ်ဆင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လက်ပံကျွန်းကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မဟာဓာတ်အားလိုင်းမှ ပေ ၇၅၀ တိုးမြှစ်ကို ဖြတ်ကျော်သွယ်တန်း၍ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်ခြင်းဖြစ်ပြီး အိမ်ခြေ ၃၃၂ အိမ်၊ အိမ်ထောင်စု ၃၄၂ စုအား မီတာအလုံး ၁၇၀ တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လက်ပံကျွန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ပန်းတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကာ ပန်းတော် ကိုးချက်စီရိုက်၍ ပန်းတင်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လက်ပံကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မေတ္တာညွှန့်ကျောင်းဆောင် (ပေ ၁၄၀-၃၀) RCCနှစ်ထပ်ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြင်ဦးလွင်မြို့ရှိ လမ်းများပေါ်၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် ဇန်နဝါရီ ၃၁

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ယနေ့မွန်းလွဲပိုင်းတွင် ဂန္ဓမာမြိုင်အဝိုင်းမှ မြို့ပတ်လမ်းအတိုင်း စုပေါင်းလမ်းဆုံအထိ ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရေဖျန်းသန့်ရှင်းရေး ဆောင်ရွက်ရာနေရာသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးတို့က မြို့ပေါ် အဓိကလမ်းမကြီးများအား လစဉ် ရေဆေးသန့်ရှင်းရေး ဆောင်ရွက်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းညွှန်ဆေးလိုင်းများအား ပေါ်လွင်ထင်ရှားနေအောင် လစဉ်ဆေးကြောရေးကိစ္စ ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး အမျိုးသားကန်တော့ကြီးဥယျာဉ်သို့ သွားရောက်သည့် နန္ဒာလမ်းဘေး ဝဲ/ယာ တစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြင်ဦးလွင်မြို့လမ်းမကြီး လမ်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ လူနေအိမ်များ၊ စျေးဆိုင်များ၊ ဟိုတယ်များ စသည် တို့အနေဖြင့် မိမိတို့ခြံဝင်းရှေ့ ဥပစာ သာယာလှပရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ခင်း စိုက်ပျိုးခြင်းလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လစဉ်ပူးပေါင်းဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✦ **ONE Friday မှ**

အလဲထိုးအနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပထမအချီအစပိုင်းတွင် နှစ်ဦးစလုံး လက်ရည်မကွာသော်လည်း နှစ်မိနစ်ဝန်းကျင်မှစတင်ကာ မူဂါဆီတို အသာရလာပြီး ပထမအချီပြီးခါနီးတွင် အဲမွီ အမှတ်စဉ်နှစ်ကြိမ် ရေတွက်ခံရသည်။ ဒုတိယအချီအစတွင်လည်း မူဂါဆီတိုက ပွဲသိမ်းနိုင်ရန် အတင်းဖိထိုးရာ အဲမွီက အကောင်းဆုံးရှောင်ထွက်ပြီး ၄၁ စက္ကန့်တွင် ဘယ်လက်သီးဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ အလဲထိုးအနိုင်ရခဲ့သည့် အဲမွီသည် ONE CEO က ချီးမြှင့်သည့် အပိုဆုကြေးဘတ်သုံးသိန်းခွဲ ရရှိခဲ့သည်။

အဲမွီသည် ONE နှင့် လက်တွဲပြီး သုံးပွဲထိုးသတ်ရာတွင် ဒုတိယမြောက်နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ONE Championship

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၂-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	ဒဂုံတောင်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၈၀	၃၂၉၅	၃၂၆၀	၃၁၉၅	၃၃၀၀	၃၃၁၅	၃၃၃၅	၃၂၇၅	၄၅၈၅	၃၂၆၅	၃၂၇၀	၃၂၇၀	၃၃၄၀	၃၃၀၅	၃၃၃၀	၃၅၈၅	၄၁၀၀
95 Ron	၃၂၆၀	၃၃၀၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၀	၃၃၃၀	၄၅၆၀	၃၆၂၅	၃၃၅၀	၃၃၈၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	၄၂၅၀
HSD (500 ppm)	၂၈၂၀	၂၉၃၀	၂၈၉၅	၂၈၃၀	၂၉၃၅	၂၉၅၅	၂၉၇၀	၂၈၉၀	-	၃၁၈၀	၂၉၁၅	၂၉၀၅	၂၉၇၅	၂၉၄၀	၂၉၆၅	၃၂၂၀	၄၁၀၀
HSD (50 ppm)	၃၄၈၅	၃၆၀၀	၃၅၆၅	၃၅၀၀	၃၆၀၅	၃၆၂၀	၃၆၄၀	၃၅၅၅	၄၈၃၀	၃၈၅၀	၃၅၇၅	၃၅၇၅	၃၆၄၅	၃၆၁၀	၃၆၃၅	၃၈၉၀	-
HSD (10 ppm)	၃၄၈၅	၃၆၀၀	၃၅၆၅	၃၅၀၀	၃၆၀၅	၃၆၂၀	၃၆၄၀	၃၅၅၅	-	၃၈၅၀	၃၅၇၅	၃၅၇၅	၃၆၄၅	၃၆၁၀	၃၆၃၅	၃၈၉၀	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၀၇	၃၁၀၁
95 Ron	၃၀၈၂	၃၁၇၀
HSD (500 ppm)	၂၆၅၄	၂၇၃၆
HSD (50 ppm)	၃၃၀၂	၃၃၉၀
HSD (10 ppm)	၃၃၀၂	၃၃၉၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

★ **MNL မှ**

လွတ်ရန် တဖြည်းဖြည်းအခွင့်အရေးနည်းပါးလာပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ပြီး ကြည်လင်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးကာ ရန်ကျော်ထွေး၊ လှိုင်းဘိုဘို၊ ဇော်ဝင်းသိန်း၊ ဆန်းဆက်နိုင် (ဂိုး) တို့ဖြင့် ပွဲထွက်လာသည်။ မြဝတီအသင်းမှာမူ နိုင်ဇင်ထက်၊ ထွန်းနန္ဒဦး (ဂိုး)၊ သန်းအောင်ကျော်တို့ဖြင့် ပွဲထွက်လာသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲအစ ခုနစ်မိနစ်မှာပင် အီစိုးက အဖွင့်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၃၂ မိနစ်တွင် ရန်ကျော်ထွေးက ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၅၇ မိနစ်တွင် သာယာဝင်းထက်၊ ၈၄ မိနစ်တွင် ကောင်းစည်သူတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများထပ်မံသွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၈ မိနစ်တွင် နိုင်ဇင်ထက်က ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဟိန်းဇေယျာလင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၄၁ မှတ်၊ မြဝတီအသင်းက ၁၈ ပွဲကစား ငါးမှတ်ရရှိထားသည်။

ပွဲစဉ် (၁၈) တတိယနေ့ကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MNL

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှု ဒို့ပြည်ထောင်စု ခိုင်မြဲမည်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၉

ဦးစိုင်းသာကျော် } နှင့် { ၁။ ဦးစိုင်းစံတစ်
၂။ ဒေါ်နန်းစီဝင်း

တရားလို — တရားပြိုင်များ

(ယခင်) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ်(၁၀၁၀)နှင့် ရှမ်းပြည်နယ်၊ ကလောခရိုင်၊ အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၊ ဦးပိုင်အမှတ် (၆/၂)၊ အမှတ်–၄၃ ရပ်နေ (ယခုနေရပ်လိပ်စာမသိ) (၁)တရားပြိုင် ဦးစိုင်းစံတစ်နှင့် (၂)တရားပြိုင် ဒေါ်နန်းစီဝင်းတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုင်းသာကျော်က ငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်။** (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်)မွန်းလွဲ(၁:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **စာရွက်စာတမ်းအထောက်အထား** များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးသင်းအောင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁/အနော်မာ၊ မြေကွက်အမှတ်– ၁၇၈၁၊ ဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်–(၁၇၈၁)၊ ဇင်္ဂမလမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ တန်ကြည်ခင်(ခ) ဦးကြည်စိန် [၁၂/လသန(ဧည့်)၀၀၀၃၆၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် တန်ကြည်ခင်(ခ)ဦးကြည်စိန် [၁၂/လသန(ဧည့်)၀၀၀၃၆၁] ကိုယ်တိုင်မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေစာရင်း မှတ်ချက်(၁) အရ (၂၀၁၁)ခုနှစ် ဘဏ်ချေးမြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ဘဏ်ချေးမြေပုံကူး လျှောက်ထားထုတ်ယူခဲ့သော်လည်း အဆိုပါ ဘဏ်ချေးမြေပုံအား ဘဏ်တွင်အသုံးပြုခဲ့ခြင်းမရှိဘဲ သိမ်းဆည်းထားရာမှ အထားအသိုမှား၍ ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ မိမိကူးယူခဲ့သောဘဏ်ချေးမြေပုံနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း (၁၃–၁–၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ (၁၄–၁–၂၀၂၅)ရက်စွဲပါ ဝန်ခံကတိပြုရှင်းလင်းတင်ပြစာတို့တင်ပြ၍ ဘဏ်ချေးရန်မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၅၄၀)၊ အောင်သပြေ (၂)လမ်းနေ ကျွန်တော် ဦးတင်ဝင်း၏သားဖြစ်သူ မောင်မင်းဗိုလ် [၁၂/သဃက(နိုင်)၁၈၅၂၀၃]သည် ဖခင်နှင့် အစ်ကို စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ ပြုလုပ်ခဲ့သောကြောင့် ၎င်းအား သားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးကြမည်မဟုတ်ပါ ။

ဖခင်– ဦးတင်ဝင်း [၁၂/သဃက(နိုင်)၁၃၇၅၈၅]
ဖုန်း–၀၉–၉၆၁၄၁၇၁၀၈

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မရမ်းကုန်းခရိုင်တရားရုံး
၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၃၄၉ နှင့် ဆက်နွှယ်သည့်
၂၀၂၄ ခုနှစ် ၊ တရားမဇာရီမှုအမှတ်– ၂၁၉

ရောဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား ဒေါ်သင်းသင်းခိုင်) (လက်ထောက် မန်နေဂျာ) — နှင့် — ၁။ Kay Golden Company Limited
၂။ ဦးဟိန်းဇော်ထွန်း
၃။ ဦးအောင်ကိုကို
၄။ ဒေါ်ရွှေရည်ဝင်း

(ဒီကရီအနိုင်ရသူ) — **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ် ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၃၀၃)နေ (၁)တရားရှုံး Kay Golden Company Limited ၊ (၂) တရားရှုံး ဦးဟိန်းဇော်ထွန်း ၊ (၃) တရားရှုံး ဦးအောင်ကိုကိုနှင့် (၄) တရားရှုံး ဒေါ်ရွှေရည်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်–၃၄၉ တွင်ကျရောက်သည့်ဒီကရီကို အတည်ပြုရန် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ(၁၇)ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်ပီတာစန်း)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မရမ်းကုန်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ဦးကောင်းထက်ဦး [၁၂/စခန(နိုင်)၀၆၂၇၉၀] နှင့် ဒေါ်လွင်မို့မို့အောင် [၁၂/စခန (နိုင်) ၀၇၀၉၁၅] ကိုင်ဆောင်သူတို့သည် မောင်နှမအရင်း တော်စပ်သူများဖြစ်ကြပါသည်။ ယခုအခါ ဦးကောင်းထက်ဦးနှင့် ဒေါ်လွင်မို့မို့အောင် တို့သည် စီးပွားရေးလုပ်ငန်းကိစ္စများ သီးခြားစီလုပ်ကိုင်နေကြသူများဖြစ်သည့်အတွက် ဦးကောင်းထက်ဦး နှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေး ကိစ္စအဝဝနှင့် အခြားသော ပြဿနာများသည် ဒေါ်လွင်မို့မို့အောင်နှင့် သက်ဆိုင်ခြင်းမရှိပါ။ ဒေါ်လွင်မို့မို့အောင် အနေဖြင့်လည်း ဦးကောင်းထက်ဦးနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လွင်မို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သန္တာတိုး (LL.B) (LL.M) (Q)	**ဒေါ်အိသန္တာဖြိုး (LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်–၁၅၃၆၆/၂၀၁၉)	**(စဉ်–၅၄၂၈၁/၂၀၂၁)**

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၄၂၁၁၂၆၁၇၃၊ ၀၉–၇၅၇၅၇၃၈၇၃

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄၆ နှင့် ဆက်နွှယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၂၀၂

ဒေါ်အေးအေးမာ } နှင့် { ၁။ ဦးခင်မောင်
၂။ ဒေါ်ဖြူဖြူဝင်း
၃။ ဒေါ်အိသန္တာဖြူ

ဒီကရီအနိုင်ရသူ — **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သီတာလမ်း၊ အမှတ်–၁၄ နေ (၂)တရားရှုံး ဒေါ်ဖြူဖြူဝင်း၊ (၃)တရားရှုံး ဒေါ်အိသန္တာဖြူ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၄၆ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်နွယ်အောင်)
ဒုတိယခရိုင်တရားသူကြီး(၄)
သဃ်္ဃန်းကျွန်းခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၇၃၂/က) ဟုခေါ်တွင်သော မြေချပါမစ် ဦးရဲမောင်၏ တရားဝင်ခွဲစိတ်အမည်ပြောင်းခြင်း မရှိသေးသည့် အကျယ်အဝန်း(၂၀'x၆၀')ပေ မြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက်ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်မော် [၁၂/ဒဂတ(နိုင်)၁၁၃၃၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေအောင် [၁၂/ဗတထ(နိုင်)၀၀၁၉၁၂]က အပိုင်ဝယ်ယူရန်အတွက် ၃၀–၁–၂၀၂၅ ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကိုကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဇေအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးထွန်းထွန်း(ဝါးခယ်မ) (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၂၀)
အမှတ်(၂၃/က)၊ ဘုရင့်နောင်လမ်းမ(ရေကန်ရှေ့)၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-420118326, 09-954471171, 09-254471171

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ သစ္စာ(၁)လမ်း၊ အိမ်အမှတ် (၂၂၄၁/ခ)နေ ဒေါ်အေးအေးမြင့်(ခ) ဒေါ်အေးအေးလွင်၊ မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၀၅၇၅၀၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၂၅x၂)၊ မြေအကျယ် ပေ(၂၆.၆x၅၆) ပေအကျယ်ရှိ ဦးမောင်တင်(ကွယ်လွန်) + ဒေါ်အေး နှစ်(၆၀)ဂရန် အမည်ပေါက် ခြံမြေမှာ အမွေပုံအဖြစ် ကျန်ရှိနေပါသည်။ ယင်းခြံမြေနှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် တစ်ဦးတစ်ယောက်က ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားနည်းအသုံးပြုခြင်းများကို ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးအေးမြင့် (ခ)	ဒေါ်လှလှကျော် (LL.B)
ဒေါ်အေးအေးလွင်	တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၇၃)
[၁၂/လမန(နိုင်)၀၅၇၅၀၄]	ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊
	ရှေ့နေများနားနေခန်း

Ph: 09-799777400, 09-781748444

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၂ / ပန်းလှိုင် (Rose Garden Residence)၊ မြေကွက်အမှတ် (၁၆၀–M)၊ ဧရိယာ (၀.၁၇၇)ဧက၊ နှစ်(၆၀) မြေငှားစာချုပ်အမည်ပေါက်ဖြစ်သူ ဦးဟောင်ရှင်းရှောက် (ခ) ဦးကျော်ဝင်း [၁၃/လရန(နိုင်) ၀၈၄၁၇၅]၊ ဒေါ်လောဆွေ[၁၃/လရန(နိုင်)၀၅၄၁၆၀]တို့မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့် ပတ်သက်သည့် အထောက်အထား (မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မြေတိုင်းနှင့်
မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး
ဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၂၉၆)၊ မြေကွက်တည်နေရာအမှတ်(၂၉၆)၊ သိင်္ဂီ(၂)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကြာဝင်း(TKA–၀၂၁၇၀၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအားဂရန် အမည်ပေါက် ဦးကြာဝင်း (TKA–၀၂၁၇၀၇) [၁၂/မရက(နိုင်) ၀၉၀၄၂၂] ၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၀၀၄၂/၂၀၂၂(၁၄–၆–၂၀၂၂) ရရှိသူ ဒေါ်မိမိနိုင် [၁၂/လမန(နိုင်)၀၁၄၀၇၀]မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ထောက်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်းမှာ အမှန်တကယ်ပျောက်ဆုံးနေသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၆/၃၀၉၀/၂၀၂၂ (၂၇– ၆–၂၀၂၂)၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ (၁၀၀၄၂/၂၀၂၂)ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ယနေ့တိုင် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်–၇/ ၁၆၁၃/၂၀၂၂ (၁၈–၇–၂၀၂၂)၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀) မြေငှားစာချုပ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာကြော်ငြာပြီး GP ဒေါ်မိမိနိုင်၏ ဂရန်မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီး ဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် အမှုတွဲအမှတ် (၀၂၁၆)အရ (၁၇–၈–၁၉၉၄)ရက်နေ့မှစ၍ ထုတ်ပေးထားသည့် မူလ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ရုံးတွင်းအမိန့်ဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် GP ဒေါ်မိမိနိုင်၏ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်–C၊ ၁၁–လွှာ၊ အခန်း (၁၁၀၄)၊ ဧရိယာ (၁၃၈၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော **ဦးရမ်းဗဟာဒူး**(ဘ) ဦးဟာရာနက် (၁၂/ပဘတ(နိုင်) ၀၀၉၇၆၉) နှင့် **ဦးဒါရိုဗဟာဒူး** (ဘ) ရာမ်ဗဟာဒူး (ခ) ဦးရမ်းဗဟာဒူး (၁၂/ဗတထ (နိုင်) ၀၂၄၅၉၈) တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ကွန်ဒို တိုက်ခန်းရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမိုးဇော်ဦး(LL.B)	**ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B)**
(စဉ်–၈၉၈၅/၁၃)	(စဉ်–၅၅၅၇၁၉/၂၃)
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်–၁၂၂၊ ပ–ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၅၉၈၆၀၂၆၄၆၊ ၀၉–၂၅၄၂၀၁၂၁၂၊ ၀၉–၅၃၀၅၁၄၄၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၆/၁၊မြေကွက်အမှတ်–၇၂၀/က၊မြေကွက်တည်နေရာအမှတ်(၇၂၀/က)၊ဇောတိကလမ်း၊(၁၆/၁)ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်၊ဦးမောင်မောင်မြင့်(၁၂/သဃက(နိုင်)၀၀၅၈၂၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်–ဦးမောင်မောင်မြင့် (ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်ညိုညိုမြင့်(၁၂/သဃက(နိုင်)၀၀၅၈၂၃)မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ကျမ်းကျိန်လွှာ–၇/၇၃၉/၂၀၂၄(၁၁–၇–၂၀၂၄)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

“ဦးအက်ကေလမိုင်း(MGN 156005) နှင့် အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၃)၊ လူနေရပ်ကွက်အမှတ် (စိုက်ပျိုးရေးနှင့် မွေးမြူရေးအမှတ်–၁)၊ လေးထောင့်ကန်ရပ်ကွက်၊ မြေကွက်အမှတ်(၈)၊ (အလျား၈၀ပေxအနံ၁၂၀ပေ) ရှိ ဦးအက်ကေလမိုင်း(MGN 156005) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးကျော်[၁၂/ဗဟန(နိုင်)၀၉၄၂၀၃]နှင့် လူကြီးမင်းတို့သည် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်း ကတိစာချုပ်ဖြင့်ချုပ်ဆို၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ကြောင်း ညွှန်ကြားချက်အရသိရှိရပါသည်။ ထိုသို့စာချုပ် ချုပ်ဆိုစဉ် လူကြီးမင်းမှ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေအမည်ပေါက် ဆောင်ရွက်လိုသည့်အခါ လူကိုယ်တိုင်လိုက်လံ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းစာချုပ်၌ ထည့်သွင်း ဖော်ပြချုပ်ဆိုခဲ့သည့်အပြင် နှုတ်ဖြင့်လည်း ဝန်ခံကတိပြုခဲ့ပါသည်ဟု ညွှန်ကြားချက်အရသိရှိရပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေမှ အမည်ပေါက် ဆောင်ရွက်လိုသဖြင့် လူကြီးမင်းထံဆက်သွယ်ရာဆက်သွယ်၍ မရသည့်အတွက် ဤကဲ့သို့ ကြော်ငြာထည့်သွင်းရခြင်းဖြစ်ပြီး ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်ထံသို့ဖြစ်စေ လူကြီးမင်းရောင်းချခဲ့သော အထက်ပါမြေကွက်နှင့် ပတ်သက်၍ အမည်ပြောင်း ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများ ဆောင်ရွက်ရန်အတွက်လာရောက်ဆက်သွယ် အကြောင်းကြားပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း အကြောင်းပြန်ကြားခဲ့ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်အေးအေးကျော်[၁၂/ဗဟန(နိုင်)၀၉၄၂၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းမြအေး
အထက်တန်းရှေ့နေ(စဉ်–၃၀၂၈၅)
ဖုန်း–၀၉–၇၈၀၀၄၃၄၉၉

MOEE
YESC
နေ့အခါတွင် သဘာဝအလင်းရောင်ကိုသာ အဓိကထား
သုံးခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာပါ။



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နိုးကျွန်းမြို့နယ်၊ ငမိုးရိပ်အိပိုင်း(၂)ရပ်ကွက်၊ ငမိုးရိပ်(၆)လမ်း၊ မြေကွက်အမှတ် (၃၅၇)ပေါ်တွင်ဆောက်လုပ်ထားသော အမှတ် (၃၅၇)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ စတုဂ္ဂထပ်(၅ လွှာ) A (ခေါင်းရင်းခန်း)၊ (အလွှာ ၄၇ ပေ x အနံ ၁၂ ပေခွဲ)အကျယ်အဝန်းရှိ လူနေတိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်သီရိမုမြတ် [၁၂/ဗဟန(နိုင်)၀၉၈၂၂၈]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဆုမြတ်ရည်နိုင် [၁၄/ကကန(နိုင်)၀၁၈၅၂၆]** မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများ စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆုမြတ်ရည်နိုင်၏ လွဲအပ်ညွှ နှ်ကြားချက်အရ
ဒေါ်သက်သက်အောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၆၄၀)
အမှတ်(၉/၁၁)၊ အခန်း(၂၀၄-B)(၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၄၂၀၀၄၅၉၉၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂.A ပေါက်တော)၊ မြေကွက်အမှတ်(၃၃)၊ အမည်ပေါက် ဦးလဂျနိုင်ဆိုင်း [၁၀/မကန(နိုင်)၀၇၈၀၇၂]မှ မြေငှားစာချုပ်(၀ရန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂-F)၊ မြေကွက်အမှတ်-(V-၁၅-အေ)အရ မြေဧရိယာ-(၀. ၀၅၅၅)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၆၀)၊ အထပ်ပန်းဆိုးတန်းလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်သန်းမြင့် (၁၂/မဂတ (နိုင်) ၀၂၂၄၄၀) အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ဒေါ်ခင်သန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၄၅၊ ၂၉၆၁၃၂၂။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးရှိ အောက်ဖော်ပြပါဆိုင်ခန်းများမှ နှစ်ဦးသဘောတူ အရပ်ကတိစာချုပ်ဖြင့် အရောင်း/အဝယ် ပြုလုပ်ကြပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ရုံးအမှတ်	ဆိုင်အမှတ်	မူလအမည်	လျှောက်ထားသူအမည်
၁	ခ/တွင်း	၁၁၅	ဦးအနုဝါဘတ်	ဒေါ်ကစ်ပိုင်ကျော်
၂	ခ/တွင်း	၁၁၉	ဦးဆီရာဒူးအထင်	ဦးလှဝင်း
၃	ခ/တွင်း	၁၂၀	ဒေါ်ညွှန့်ရီ	ဦးလှဝင်း
၄	ယာယီ-ဆ	၂၃	ဒေါ်သန်းသန်းနွယ်	ဒေါ်ဝါဝါမိုး

ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
သက်ဆိုင်ရာဈေးတာဝန်ခံ၏ ဖုန်း-၀၉-၄၂၁၀၃၁၉၉၀



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူက်စမ်းနိုင်ပါပြီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းအိမ်ရာ၊ တိုက်အမှတ်(၃၃/၃၅)၊ အခန်းအမှတ်(၂၀၂)အား အနှူလိပ်တိုက်(ခ)ဦးတင်အောင် [၁၂/ပဘတ(နိုင်)၀၂၄၉၇၄] ထံမှ ဦးကျော်လှဝင်း [၁၂/ဗတဆ(နိုင်)၀၄၆၁၃၉] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၀၀၇၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံ(လင့်လမ်း)အိမ်ရာ၊ တိုက်အမှတ်(C) အခန်းအမှတ်(၃၀၆)အား ဦးမိုးသီဟ [၁၃/ကလန(နိုင်)၀၅၅၇၄၁] ထံမှ ဦးထွန်းဝင်းကျော် [၁၁/မပန(နိုင်)၀၄၂၂၀၄] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၀၀၇၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်(ဘီ-၂)၊ အခန်းအမှတ်(၁၁၅)အား ဒေါ်ရည်လေးမွန် [၁၂/ပဇတ(နိုင်)၀၂၂၂၄၄] ထံမှ ဒေါ်နှင်းသီတာ [၁၂/သကတ(နိုင်)၁၅၄၁၆၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၀၀၇၅၇

သွေးသည် အသက်

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြည့်ဖြိုးဟံသီ (၁၂/ရပသ (နိုင်) ၀၆၈၈၂၇)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ဒေါ်ပြည့်ဖြိုးဟံသီနှင့် ဦးစိန်သာ (၄/ပလဝ (နိုင်) ၀၆၈၄၇၇)တို့သည် တင်ပြီးနှင့်တင်ပြီးမိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိကြတော့သဖြင့် (၁၄-၃-၂၀၂၄)ရက်နေ့တွင် တရားရုံး၌ အသိသက်သေများရှေ့မှောက်တွင် "နှစ်ဦးသဘောတူအကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဦးစိန်သာနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေ ဒေါ်ပြည့်ဖြိုးဟံသီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါသောကြောင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝါဝါထွန်း** (LL.B, DBL, DIL, DML)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၆၈၀)
အမှတ် (၃၀)၊ ၃-လွှာ(အေ)၊ ရ-လမ်း၊ (၃)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၂၆၄၂၉

"အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၇၄၄)တွင်နေထိုင်ကြသော ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ၁။ ဦးခါလစ် (ဘ)ဘာဂီယား [၁၂/ပဘတ(နိုင်)၀၀၇၇၄၆]ကိုင်ဆောင်သူ ၂။ ဦးဟမ်ဆာ (ဘ)ဘာဂီယား [၁၂/ပဘတ(နိုင်)၀၁၅၇၉၀]ကိုင်ဆောင်သူ ၃။ ဦးသာဟေရိုး (ဘ)ဘာဂီယား[၁၂/ပဘတ(နိုင်)၀၀၇၇၄၄] ကိုင်ဆောင်သူတို့ (၃)ဦးမှ ဦးမောင်မောင်ဦး (ဘ)ဦးတင်ဦး [၁၂/ကတန(နိုင်)၀၉၀၇၉၉] ကိုင်ဆောင်သူအား (၁၂-၁၀-၂၀၁၂)နေ့တွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၆၄၄/၂၀၁၂)ဖြင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် အထွေထွေ ကိုယ်စားလှယ်လွှဲစာ(၁)စောင်ကို လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟေရိုးတို့(၃)ဦးမှ ဆက်လက်လွှဲအပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၆၄၄/၂၀၁၂)(၁၂-၁၀-၂၀၁၂)အား ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၉/၁၂)
အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်နိုးကျွန်းခရိုင်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂

"အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၇၄၄)တွင်နေထိုင်ကြသော ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ၁။ ဦးခါလစ် (ဘ) ဦးအိုင်အမ်းဒီဘားဂီယား(ခ)ဦးအစ္စမိုင်းဘားဂီယား[၁၂/ပဘတ(နိုင်)၀၀၇၇၄၆]ကိုင်ဆောင်သူ ၂။ ဦးဟမ်ဆာ (ဘ) ဦးအိုင်အမ်းဒီဘားဂီယား(ခ)ဦးအစ္စမိုင်းဘားဂီယား [၁၂/ပဘတ(နိုင်)၀၁၅၇၉၀]ကိုင်ဆောင်သူ ၃။ ဦးသာဟေရိုး (ဘ) ဦးအိုင်အမ်းဒီဘားဂီယား(ခ)ဦးအစ္စမိုင်းဘားဂီယား [၁၂/ပဘတ(နိုင်)၀၀၇၇၄၄]ကိုင်ဆောင်သူတို့(၃)ဦးမှ ၁။ ဦးမျိုးဝင်း (ဘ)ဦးတင်ဖြင့် [၁၂/သဃက(နိုင်)၁၃၂၆၇၉] ကိုင်ဆောင်သူနှင့် ၂။ ဦးအေအမ်ဒီဘာဂီးယား တို့နှစ်ဦးအား (၂၁-၅-၂၀၁၄)နေ့တွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၆၇၁/၂၀၁၄)ဖြင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာ(၁)စောင်ကို လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးခါလစ်၊ ဦးဟမ်ဆာ၊ ဦးသာဟေရိုးတို့(၃)ဦးမှ ဆက်လက်လွှဲအပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၆၇၁/၂၀၁၄)(၂၁-၅-၂၀၁၄)အား ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသီတာမော် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၉/၁၂)
အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်နိုးကျွန်းခရိုင်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်နေ အဖ ဦးထွန်းထွန်းဝင်း [၉/ကပတ(နိုင်)၁၈၉၄၀၀]၏သား သဃ်ာန်းကျွန်းမြို့နယ်၊ လုမ္ဗိနီကျောင်း Grade-2 မှ မောင်ထက်မြတ်လင်းအား မောင်လင်းမြတ်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ တိုက်အမှတ်-၁၁၀၊ ဒုတိယထပ်(၃လွှာ)၊ အခန်းအမှတ်-၂၄ ဟုခေါ်တွင်သည့် ဧရိယာ-အလျား(၁၅')×အနံ(၅၅')အကျယ်အဝန်းရှိ ရေ၊ မီးအစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ခေးခေးခိုင် (၁၂/ကတတ (နိုင်) ၀၀၄၂၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်နေဇာလင်း LL.B.
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၁၂၀)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၂၀၀၅၂၂၁၈

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် (စရန်)ငွေပေးကတိစာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဦးသိန်းအောင် [၁၂/လသန(နိုင်)၀၀၄၅၁၉]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လှိုင် [၁၂/အစန(နိုင်) ၀၁၂၇၅၃]၊ တိုက်အမှတ် (SH-2)၊ အခန်း (၁၀၁)၊ ဣစ္ဆိတံအိမ်ရာ၊ ဝေဇယန္တာလမ်း၊ ဇ/တောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်လှိုင်၏ဇနီး ကွယ်လွန်သူ ဒေါ်ခင်မြင့်ဆွေ [၁၂/အစန(နိုင်)၀၁၂၇၅၂]နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ အမှတ် (၁၁၉/ဘီ)နေ ဦးသိန်းအောင် [၁၂/လသန(နိုင်)၀၀၄၅၁၉]တို့သည် ဒေါ်ခင်မြင့်ဆွေ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ သာ/အီးတောင်လမ်း၊ အမှတ် (၆၅) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တန်ဖိုးငွေကျပ်- ၁၀၀၀၀,၀၀,၀၀၀/- (ကျပ်သိန်းတစ်သောင်းတိတိ)ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လှိုင်၏ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ဆွေမှာ (၂၉-၁၂-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

၃။ ဖော်ပြပါ နှစ်ဦးသဘောတူ စရန်ငွေပေးကတိစာချုပ်တွင် မြေကွက်ဝယ်ယူသူ ဦးသိန်းအောင် ကိုယ်စား ဒေါ်စုစုလှိုင် [၁၂/ဥကမ (နိုင်) ၂၄၃၆၁၃]မှ တာဝန်ယူ လက်မှတ်ရေးထိုး ငွေပေးချေခဲ့ပါသည်။ ၎င်းစာချုပ် ချုပ်သည့် (၁၂-၆-၂၀၂၄)ရက်နေ့တွင် ဝယ်သူက ရောင်းသူအား ပထမအရစ်စရန်ငွေအဖြစ်၊ ငွေကျပ် ၅၀၀,၀၀,၀၀၀/- (ကျပ်သိန်းငါးရာ)ပေးအပ်ခဲ့ပြီး၊ (၃၀-၈-၂၀၂၄) ရက်နေ့တွင် ဒုတိယအရစ်စရန်ငွေအဖြစ် ငွေကျပ် ၃၀၀,၀၀၀,၀၀၀/- (ကျပ်သိန်း သုံးထောင်) ကိုလည်းကောင်း၊ (၃၀-၉-၂၀၂၄)ရက်နေ့တွင် တတိယအရစ်စရန်ငွေအဖြစ် ငွေကျပ် ၂၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင်)ကိုလည်းကောင်း၊ (၃၀-၁၂-၂၀၂၄)ရက်နေ့တွင် ငွေကျပ် ၄၅၀,၀၀၀,၀၀၀/- (ကျပ်သိန်းလေးထောင့်ငါးရာ)ကို ပေးချေ/လက်ခံကြရန်နှင့် စရန်ငွေပေးစာချုပ်၏ နှစ်ဦးသဘောတူ စာချုပ်စည်းကမ်းချက် အပိုဒ် (၅) (၆) (၈)တို့တွင် ရေးသားဖော်ပြခဲ့ကြပါသည်။

၄။ သို့သော်လည်း မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်ဘက်မှ၊ ပထမအရစ် ငွေကျပ် ၅၀၀,၀၀,၀၀၀/-(ကျပ်သိန်း ငါးရာ)ကိုသာ ပေးချေခဲ့ပြီး နောက်ပိုင်း ယနေ့အထိ (၃၁-၁-၂၀၂၅)ထိ၊ ကျန်မြေကွက်ဖိုးပေးချေရန် ကျန်ရှိသည့် ငွေများကို ပေးချေခြင်း လုံးဝမရှိတော့ပါ၍ မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်မှ (၁၂-၆-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ စရန်ငွေပေး ကတိစာချုပ် စည်းကမ်းချက် အပိုဒ် (၅)(၆)(၈)တို့အား လိုက်နာဆောင်ရွက်မှုမရှိဘဲ ချိုးဖောက်ခဲ့ပါသဖြင့် ၎င်းစာချုပ်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ၊ မြေကွက်ရောင်းချသူ ကျွန်ုပ်မိတ်ဆွေ ဦးကျော်လှိုင်နှင့် ဇနီး ဒေါ်ခင်မြင့်ဆွေ (ကွယ်လွန်သူ)နှင့် မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်တို့ ချုပ်ဆိုခဲ့ကြသည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ (စရန်)ငွေပေး ကတိစာချုပ်မှာ ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ ဦးသိန်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သန်းဝင်း (LLB)	ဦးလှသန်း (LLB)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၃၃၈၁/၂၀၁၇)	(စဉ်-၄၉၇၀၀/၂၀၁၈)
အမှတ် - ၂၇(ခ)၊	ဒုတိယထပ်၊ တိုက် - ၄၉၀(B)၊
ရာဇသင်္ကြန်(၁)လမ်း၊	လယ်ယာရွှေမြေလမ်း၊
(၁၁)ရပ်ကွက်၊	မေတ္တာညွန့်ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊	တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့။	ဖုန်း - ၀၉-၂၅၃၁၀၃၃၈၉
ဖုန်း - ၀၉-၄၃၀၀၅၈၅၄	

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် မြေကွက်အမှတ်- ၆/ ၇၄၁၊ မြေကွက်လိပ်စာအမှတ်- ၆/၇၄၁၊ ရှင်စောပုလမ်း၊ မြို့မ(၄)ရပ်ကွက်၊ ဒလမြို့နယ်၊ အကျယ်အဝန်း (အလျား ၁၂ပေခွဲ x အနံ ၅၀ပေ) ရှိ ဦးအောင်တင် [၁၂/ဒလန(နိုင်) ၀၁၆၉၁၉] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးသည် ကျွန်ုပ်၏အမှုသည် ဦးဇင်မောင်မောင် [၁၂/ပဇတ(နိုင်)၀၃၅၈၆၀] တစ်ဦးတည်းသာ တရားဝင် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆက်တစ်ဆက်တည်း နေထိုင်သူဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည်မှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လက်မှတ်ရေးထိုး ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ စီမံခန့်ခွဲခွင့် ပေးထားခြင်း လုံးဝမရှိပါကြောင်းနှင့် ကျွန်ုပ်၏အမှုသည် (သဘောတူခွင့်ပြုချက်မရရှိဘဲ) မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါမြေနှင့် အိမ်အား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကျွန်ုပ်အမှုသည်၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးဆုံးရှုံးနစ်နာစေမည့်ပြုလုပ်မှုကို မပြုလုပ်ကြပါရန် အများသိစေရန် သတိပေးတားမြစ်ပါကြောင်းနှင့် ထို့သို့တားမြစ်သည့်ကြားမှ ကျွန်ုပ်အမှုသည် နစ်နာစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ပါက မည်သူ့ကိုမဆို တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇင်မောင်မောင် [၁၂/ပဇတ(နိုင်)၀၃၅၈၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သီတာအောင်
(LL.B., D.B.A., D.B.L., D.M.L.)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၈၅)
အမှတ် (၈၈)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဦးသိန်းအောင် [၁၂/လသန(နိုင်)၀၀၄၅၁၉]နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လှိုင် [၁၂/အစန(နိုင်) ၀၁၂၇၅၃]၊ တိုက်အမှတ် (SH-2)၊ အခန်း (၁၀၁)၊ ဣစ္ဆိတံအိမ်ရာ၊ ဝေဇယန္တာလမ်း၊ ဇ/တောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်လှိုင်နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ အမှတ် (၁၁၉/ဘီ)နေ ဦးသိန်းအောင် [၁၂/လသန(နိုင်)၀၀၄၅၁၉]တို့သည် ဦးကျော်လှိုင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်း၊ သာ/အီးတောင်လမ်း၊ အမှတ် (၆၆) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တန်ဖိုးငွေကျပ်- ၁၀၀၀၀,၀၀,၀၀၀/- (ကျပ်သိန်း တစ်သောင်းတိတိ)ဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ နှစ်ဦးသဘောတူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုကြပါသည်။

၂။ ဖော်ပြပါ နှစ်ဦးသဘောတူ စရန်ငွေပေးကတိစာချုပ်တွင် မြေကွက်ဝယ်ယူသူ ဦးသိန်းအောင် ကိုယ်စား ဒေါ်စုစုလှိုင် [၁၂/ဥကမ(နိုင်) ၂၄၃၆၁၃] မှ တာဝန်ယူ လက်မှတ်ရေးထိုး ငွေပေးချေခဲ့ပါသည်။ ၎င်းစာချုပ် ချုပ်သည့် (၁၂-၆-၂၀၂၄)ရက်နေ့တွင် ဝယ်သူက ရောင်းသူအား ပထမအရစ်စရန်ငွေအဖြစ်၊ ငွေကျပ် ၅၀၀,၀၀,၀၀၀/- (ကျပ်သိန်းငါးရာ) ပေးအပ်ခဲ့ပြီး၊ (၃၀-၈-၂၀၂၄) ရက်နေ့တွင် ဒုတိယအရစ်စရန်ငွေအဖြစ် ငွေကျပ် ၃၀၀,၀၀၀,၀၀၀/- (ကျပ်သိန်း သုံးထောင်)ကိုလည်းကောင်း၊ (၃၀-၉-၂၀၂၄)ရက်နေ့တွင် တတိယအရစ်စရန်ငွေအဖြစ် ငွေကျပ် ၂၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင်)ကိုလည်းကောင်း၊ (၃၀-၁၂-၂၀၂၄)ရက်နေ့တွင် ငွေကျပ် ၄၅၀,၀၀၀,၀၀၀/- (ကျပ်သိန်းလေးထောင့်ငါးရာ)ကို ပေးချေ/လက်ခံကြရန်နှင့် စရန်ငွေပေးစာချုပ်၏ နှစ်ဦးသဘောတူ စာချုပ်စည်းကမ်းချက် အပိုဒ် (၅)(၆) (၈)တို့တွင် ရေးသားဖော်ပြခဲ့ကြပါသည်။

၃။ သို့သော်လည်း မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်ဘက်မှ၊ ပထမအရစ် ငွေကျပ် ၅၀၀,၀၀,၀၀၀/-(ကျပ်သိန်းငါးရာ)ကိုသာ ပေးချေခဲ့ပြီး နောက်ပိုင်း ယနေ့အထိ (၃၁-၁-၂၀၂၅)ထိ၊ ကျန်မြေကွက်ဖိုး ပေးချေရန် ကျန်ရှိသည့်ငွေများကို ပေးချေခြင်း လုံးဝမရှိတော့ပါ၍၊ မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်မှ (၁၂-၆-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ စရန်ငွေပေး ကတိစာချုပ် စည်းကမ်းချက် အပိုဒ် (၅)(၆)(၈)တို့အား လိုက်နာဆောင်ရွက်မှုမရှိဘဲ ချိုးဖောက်ခဲ့ပါသဖြင့် ၎င်းစာချုပ်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ၊ မြေကွက်ရောင်းချသူ ဦးကျော်လှိုင်နှင့် မြေကွက်ဝယ်ယူသူ ဦးသိန်းအောင်တို့ ချုပ်ဆိုခဲ့ကြသည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်မှာ ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဦးသိန်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သန်းဝင်း (LLB)	ဦးလှသန်း (LLB)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၃၃၈၁/၂၀၁၇)	(စဉ်-၄၉၇၀၀/၂၀၁၈)
အမှတ် - ၂၇(ခ)၊	ဒုတိယထပ်၊ တိုက် - ၄၉၀(B)၊
ရာဇသင်္ကြန်(၁)လမ်း၊	လယ်ယာရွှေမြေလမ်း၊
(၁၁)ရပ်ကွက်၊	မေတ္တာညွန့်ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊	တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့။	ဖုန်း - ၀၉-၂၅၃၁၀၃၃၈၉
ဖုန်း - ၀၉-၄၃၀၀၅၈၅၄	

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(Open Tender)

၁။ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	မြို့နယ်	လုပ်ငန်းအမျိုးအစား
(က)	တောင်ဥက္ကလာပမြို့နယ် မြသီတာအားကစားကွင်း	မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း
(ခ)	တောင်ဥက္ကလာပမြို့နယ် မြသီတာအားကစားကွင်း	မြသီတာဘောလုံးကွင်းတည်ဆောက်ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၁ - ၂ - ၂၀၂၅
အချိန် - နံနက် ၉:၃၀ နာရီမှ
ညနေ ၁၆:၃၀ နာရီ

၃။ တင်ဒါပိတ်မည့်ရက် - ၁၄- ၂ - ၂၀၂၅ ရက်
အချိန် - ညနေ ၁၆:၃၀ နာရီ

၄။ တင်ဒါခေါ်ယူသည့် လုပ်ငန်းများ နှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

သုမင်္ဂလာလမ်း၊ ပဒေသာအားကစားကွင်းတောင်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
ဖုန်း - ၀၁၉- ၅၅၅၁၀၈၊ ၀၉- ၄၂၅၀၂၁၈၃၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၈)လမ်း၊ မြေကွက်အမှတ်(၈၈၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀'x၆၀')ရှိ ဦးငွေသန်း (POL- ၀၄၉၀၈၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်သန်းသန်းဌေး [၁၂/မရက(နိုင်) ၀၁၃၃၁၁] ထံမှ အပြီးအပိုင် ဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ မူရင်းများတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဇင်အေး LL.B, DBL, DIL, DIR
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)
အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ(၄)လမ်း၊ အမှတ်(၂၄၇/က)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက် အဆောက်အဦ၏ (ပဉ္စမထပ်-၆လွှာ)၊ အကျယ်အဝန်း (၁၈ ပေx ၅၄ ပေ)ခန့်ရှိ ကြို့ပွိုင့် RC တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ကန်ထရိုက်တာ ဒေါ်မဥ္ဇူလှိုင် [၁၂/မဂဒ(နိုင်)၁၀၈၅၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အရစ်ကျစနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် အရစ်ကျငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသူရပြည့်ဖြိုး[၁၂/ဥကမ(နိုင်)၂၂၂၂၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုနန္ဒာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၄၂)
အမှတ်(၄၁)၊ အာသာဝတီ(၃)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃/ကမာကဆစ်၊မြေကွက်အမှတ်-၅၉၆/ခ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ - အမှတ်-၅၉၆/ခ၊ မင်းရဲကျော်စွာလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် ဦးကစ္စနား(DLA-၀၀၆၁၅၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားဦးကစ္စနား၊ ဦးမိုးအောင်တို့ကို(တရားပြိုင်)ထားကာ ဒေါ်မေလှိုင်(ခ) ဝမ်ကျင်ဖော့က (တရားလို)ပြုလုပ်၍ "ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"စွဲဆိုရရှိသော ဒလမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၈/၂၀၂၂)၏(၃၀-၆-၂၀၂၂)ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၅/၂၀၂၂)၏(၂၆-၉-၂၀၂၂)ရက်နေ့အမိန့်၊ နှစ်(၆၀)ဂရန်မူရင်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍(တရားရုံး) ကိုယ်စား ဒလမြို့နယ်တရားရုံး၊ ဘီလစ် ဒေါ်သီတာဝင်း(၁၂/ဆကခ(နိုင်)၀၀၆၁၅၁) ကအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ခ၊မြေကွက်အမှတ်-၃၄၆/ခ၊(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၃၄၆/ခ)၊မဈေးလမ်း၊(ခ)ရပ်ကွက်၊ဦးညိမ်းမောင်(၁၂/ဥကမ(နိုင်)၀၄၁၄၈၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဦးညိမ်းမောင်(ဖခင်)သည်(၂၁-၂-၂၀၀၃)ရက်နေ့တွင်လည်းကောင်း၊ဒေါ်ခင်ကြည်(မိခင်)သည်(၂၈-၃-၂၀၁၆)ရက်နေ့တွင်လည်းကောင်းကွယ်လွန်ခဲ့ကြသဖြင့်ဒေါ်မြင့်မြင့်ရီ(၁၂/ဥကမ(နိုင်)၀၄၂၄၃၄) ဒေါ်ခင်မာရီ၊ဒေါ်သန်းသန်းဝင်း၊ဒေါ်ဌေးဌေးနွယ်(၁၂/ဥကမ(နိုင်)၂၃၀၀၄၇) ဦးအောင်အောင်ဇော်သား/သမီး(၅)ဦးမွေးဖွားခဲ့ရာဒေါ်ခင်မာရီ(သမီး)သည်(၁-၅-၂၀၂၀)ရက်နေ့တွင်အပျိုကြီးဘဝဖြင့်လည်းကောင်း၊ဒေါ်သန်းသန်းဝင်း(သမီး)သည်(၂၂-၁-၂၀၁၆)ရက်နေ့တွင်အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးအောင်အောင်ဇော်(သား)သည်(၇-၄-၂၀၁၈)ရက်နေ့တွင်လူပျိုကြီးဘဝဖြင့်လည်းကောင်းကိတ္တိမသား/သမီးများမွေးစားထားခဲ့ခြင်းမရှိဘဲအသီးသီးကွယ်လွန်ခဲ့ကြသဖြင့်ဒေါ်မြင့်မြင့်ရီ+ဒေါ်ဌေးဌေးနွယ်တို့မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်သမီးများတော်စပ်ကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၁၂၈/၂၀၂၄/၈-၈-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်းများ၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်း၊ဝင်စာအမှတ် ၈၃၆/၂၂-၁-၂၀၂၅ရက်စွဲဖြင့်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဦးစိုးလှိုင်ဝင်းနှင့်ဒေါ်မေပပအောင်တို့နေထိုင်ခြင်းနှင့်ပတ်သက်၍ဒေါ်မြင့်မြင့်ရီ၊ဒေါ်ဌေးဌေးနွယ်တို့မှတာဝန်ယူကြောင်းနှင့်အရပ်ကတိဖြင့်ဝယ်ယူနေထိုင်သူဦးစိုးလှိုင်ဝင်းနှင့်ဒေါ်မေပပအောင်တို့မှလည်းဒေါ်မြင့်မြင့်ရီနှင့်ဒေါ်ဌေးဌေးနွယ်တို့မှပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအားသိရှိသဘောတူကြောင်းဝန်ခံကတိတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်မြေကွက်အမြန်ရောင်းမည်

လှိုင်သာယာ၊ ၉-ရပ်ကွက်၊ မင်းဘူးလမ်းသွယ်၊ 20'x60' (နှစ် ၆၀ ဂရန်ကျပြီး) 1350 သိန်း

ပတ်ဝန်းကျင်ကောင်း 09-666220770 09-5034992

မြေကွက်ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ မေခာဝီလမ်းနှင့် နွယ်နီလမ်းထောင့် ဓမ္မာရုံဘေးကပ်လျက်ရှိ မြေကွက်အမှတ် (၄၃၁/၆၃၆) ရှိ မြေတိုင်းရပ်ကွက် (ဃ)မြေကွက်ပေအကျယ်အဝန်း (၄၀' x ၄၅') (ဧရိယာ ၀.၀၄၁ ဧက)ရှိ ဒေါ်တင်တင်စု အမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရန်နိုင် (မြောင်းမြ)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၈၁၉/၁၉၈၄)
၅၂-မြေညီ၊ (၁၅၇)လမ်း၊ တာမွေမြို့နယ်။ Ph:09-250821486

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာပတ်လမ်း၊ အမှတ်(၁)ရှိ စူရ်သီစွန္နီကရ်ဝါးဂျာမေ့ဗလီဝတ်ကျောင်းတော်ကြီးနှင့်ပတ်သက်ပြီး ၂၇-၁-၂၀၂၅ ရက်စွဲပါ ကြေးမုံသတင်းစာ၌ အများသိစေရန်နှင့် သတိပေးတားမြစ်ချက် ထည့်သွင်းကြေညာခြင်း အပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့ နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာပတ်လမ်း၊ အမှတ်(၁)ရှိ စူရ်သီစွန္နီကရ်ဝါးဂျာမေ့ဗလီဝတ်ကျောင်းတော်ကြီးနှင့်ပတ်သက်၍ (၂-၇-၂၀၂၄)ရက်စွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ စာအမှတ်-၅(၅၀-၀၂)/၆/ ကောင်စီရုံး၏ အမှာစာမှာ ၎င်းဗလီယာယီဂေါပကအချို့၏ အသနားခံတင်ပြစာအား သက်ဆိုင်ရာဌာနမှ စိစစ် တင်ပြချက်အပေါ် စိစစ်တွေ့ရှိမှုအခြေအနေအား အကြောင်းပြန်ကြားခြင်းသာဖြစ်သည်။

၎င်းဗလီကြီးသည် ကရ်ဝါမိသားစုမှ ဝကာဖ်ပြုလှူဒါန်းထားသော မိသားစုပိုင်ဗလီဖြစ်ပြီး မွတ်စလင်မ်ဝကာဖ် ဥပဒေကိုကျော်လွန်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၂အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို လျှောက်ထားသည်မှာ အကျိုးအကြောင်းညီညွတ်မှုမရှိကြောင်း၊ (၂၇-၁-၂၀၂၅)ရက်နေ့တွင် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် ပူးတွဲပါ "သတိပေးတားမြစ်ချက်"တွင် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးဟူ၍ ဖော်ပြထားသော်လည်း ကျွန်တော်တို့၏ဗလီသည် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးသို့ အပ်နှံထားသော ဗလီမဟုတ်သကဲ့သို့ ၎င်းအဖွဲ့ကြီးကို လှူဒါန်းထားသောဗလီလည်းမဟုတ်ပါ။ အစ္စလာမ်ဘာသာတွင် Family Waqf (မိသားစုပိုင်ဗလီ) နှင့် Public Waqf (အများဆိုင်ဗလီ)ဟူ၍ နှစ်မျိုးရှိပြီး ကျွန်တော်တို့ဗလီသည် Family Waqf (မိသားစုပိုင်ဗလီ)ဖြစ်ပါသည်။ ၁၉၁၂ ခုနှစ်မှ ယနေ့တိုင် ကျွန်ုပ်မိတ်ဆွေ ကရ်ဝါမိသားစုတို့မှ ဝကာဖ်စည်းမျဉ်းနှင့်အညီ စီမံအုပ်ချုပ်လျက်ရှိပါသည်။ ဗလီပိုင်ရှင်နှင့် ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့ဝင်(၄)ဦး၏ သဘောတူညီမှုကိုမရယူဘဲ (၁၄-၁-၂၀၂၅)ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဗဟိုဝင်စာ အမှတ်-၁၆၁ဖြင့် ယာယီဂေါပကအဖွဲ့အချို့မှ လျှောက်ထားမှုနှင့်ပတ်သက်၍ ဗလီပိုင်ရှင်နှင့် ၎င်းတို့၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူများမှလည်း ကန့်ကွက်ရန် စီစဉ်ဆောင်ရွက်နေမှုများအား ပြုလုပ်နေသည်ကို အသိပေးကြေညာပါသည်။ (၁၀-၁-၂၀၂၅)၊ (၁၇-၁-၂၀၂၅)ရက်နေ့ အစည်းအဝေးဆိုသည်မှာလည်း ယာယီအဖွဲ့အချို့မှ ဗလီပိုင်ရှင်နှင့် ၎င်း၏ကိုယ်စားလှယ်အဖွဲ့ဝင်(၄)ဦးကို တစ်စုံတစ်ရာ အသိပေးဆောင်ရွက်ခြင်း မရှိဘဲပြုလုပ်သည့် အစည်းအဝေးသာဖြစ်သည့်အတွက် အဆိုပါအစည်းအဝေး၏ မှတ်တမ်းများကလည်း တရားဝင်မှု မရှိကြောင်း ကြေညာပါသည်။ ထို့ကြောင့် ဗလီကြီး၏ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဗလီပိုင်ရှင်နှင့် ၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ ကသာ ဗလီကိုအလုံးစုံစီမံခန့်ခွဲသွားမည်ဖြစ်ပြီး စီမံခန့်ခွဲသူများကိုလည်းကောင်း၊ ဗလီကြီးနှင့် ဗလီအတွင်းသော်လည်းကောင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းများ မပြုလုပ်ရန် အသိပေးကြေညာ၍ တားမြစ်သည်။ ယခုကြေညာချက်ပါ တားမြစ်ချက်တစ်စုံတစ်ရာကို လိုက်နာမှုမရှိဘဲ ကျူးလွန်ဖောက်ဖျက်သူ လူတစ်ဦးချင်း သော်လည်းကောင်း၊ လူအစုအဖွဲ့ကို သော်လည်းကောင်း၊ ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာသည်။

လွှဲအပ်ညွှန်ကြားသူများ

၁။ မိုဟာမက်အီဖန်ဒါဝူဒ်ကရ်ဝါး	**၂။ အီစမိုင်အီလ်ယာကွဘ်ကာဒ်ဝါ**
စူရ်သီစွန္နီကရ်ဝါဂျာမေ့ဗလီ	**စူရ်သီစွန္နီကရ်ဝါဂျာမေ့ဗလီ**
ပိုင်ရှင်နာယက	**ပိုင်ရှင်ဂေါပကအဖွဲ့ဝင်**

အမှတ်(၅၁)၊ ၂၆လမ်း၊ (၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဦးပြည့်ဖြိုးမောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၇၃၈၃)
မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
Ph:09-677869301

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင်အသင်းစုရုံး အဆောက်အဦနှင့်မြေအား ထုခွဲရောင်းချရန် လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်သမဝါယမအသင်းစုပိုင်၊ ပေါက်ခေါင်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်(၁)လမ်း၊ မြေကွက်အမှတ်(၆၉၆)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀.၁၇)ဧက၊ (၅၃'x၁၄၀')ပေါ်ရှိအသင်းစုရုံး အဆောက်အဦ(၃၈'x၅၈'x၂၆)၊ ရေချိုးခန်း(၁၃'x၅'x၉')၊ ရေစင်အဆောက်အဦ(၈'x၈'x၁၄')၊ ဆေးခန်း အဆောက်အဦ(၁၃'x၂၄'x၉')အား လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာ ရောင်းချမည့်ရက်-(၁-၂-၂၀၂၅ မှ ၇-၂-၂၀၂၅)ရက်ထိ
လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်-(၇-၂-၂၀၂၅)ရက် ညနေ (၁၆:၀၀)နာရီ
လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - ပေါက်ခေါင်းမြို့နယ်သမဝါယမ အသင်းစုရုံး၊ အမှတ်(၅)ရပ်ကွက်

၂။ အာမခံစပေါ်ငွေပေးသွင်း ထားသည့်အထောက်အထား မူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာ၊ လျှောက်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ၊ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၈-၂-၂၀၂၅)ရက် နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပေါက်ခေါင်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့နယ်သမဝါယမအသင်းစုရုံးတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော လေလံဈေးနှုန်း တင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ (၈-၂-၂၀၂၅)ရက် နံနက်(၁၀)နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းအား ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်- **ဖုန်း-၀၉-၄၂၃၆၆၆၅၇၂**

လေလံတင် ထုခွဲရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ အမှတ်-၁၁၆ ဟုခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ရင်[၁၂/ဥကမ(နိုင်)၁၃၁၅၅၄] အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်စိုးမိုး [၁၂/ဒဂတ(နိုင်)၁၁၇၀၃၉]မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ထန်ခန်ဒိမ် [၅/ကလထ(နိုင်)၁၆၃၇၇၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)	**ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)**
LL.B, D.B.L, WIPO (Switzerland)	**LL.B, D.B.L, WIPO (Switzerland)**
ဒေါ်ခင်မိုမိုထွန်း (စဉ်-၁၅၉၉၄)	**ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)**
LL.B	**LL.B, WIPO (Switzerland)**

(တရားလွှတ်တော်ရှေ့နေများ)
ဒေါ်ချယ်ရီဇော် (စဉ်-၄၄၃၉၃)
LL.B (အထက်တန်းရှေ့နေ)
အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၀၇၀၁၈၀ ၊ ၀၉-၇၉၂၁၁၉၀၃၈

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၅၂)၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ မြေယာရုံးခွဲ(၁၅)၊ သီလဝါစက်မှုဇုန်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဦးသန်းအောင်(ဘ) ဦးလှမောင် [၁၂/ကတန(နိုင်)၀၄၉၂၉၉]အမည်ဖြင့် ချထားပေးသော(ပါမစ်မြေ) ဧရိယာ(၄၀ x၆၀)ပေရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးမျိုးသက်(ဘ)ဦးတင်ထွန်း[၈/ခမန(နိုင်)၁၃၄၉၆၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းထက်နိုင်(ဘ)ဦးကျင်ပိုး [၁၂/ကတန(နိုင်)၀၉၄၉၆၈]နှင့် ဒေါ်ခိုင်ဝေဝေဇင်(ဘ)ဦးငွေဇင် [၁၀/မလမ(နိုင်)၂၁၅၇၆၈] ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ပါမစ်စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ကျိန်ထိတ်ကိမ် (LL.B)	**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
အထက်တန်းရှေ့နေ(စဉ်-၅၅၇၀၁)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**

အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၅၁၈၅၁၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၈၊မြေကွက်အမှတ်-၂၇၁၊မြေကွက်တည်နေရာအမှတ်-၂၇၁၊ဦးဥတ္တမလမ်း၊(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးအုန်းကျော်(ISN-219902)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၁၁၁/၂၀၂၃ဖြင့်ဦးလင်းမင်းကျော်ဝင်းနှင့်ဒေါ်အေးနန္ဒာမြင့်တို့မှ(တရားလို)ပြု၍ဦးအုန်းကျော်အပေါ်(တရားပြိုင်)ထားကာပဋိညာဉ်အတိုင်းအိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုခဲ့ရာတရားလိုအားစရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်သည့်(၇-၅-၂၀၂၄)ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊တရားမဇာရီမှုအမှတ်-၄၄/၂၀၂၄၏နေ့စဉ်မှတ်တမ်း၊တရားရုံးကိုယ်စားမြေပုံမြေရာဇဝင်ကူးယူရန်အတွက်ဘီလစ်ခန့်အပ်ကြောင်း(၁၃-၆-၂၀၂၄)ရက်စွဲပါအကြောင်းကြားစာ၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ဘီလစ်စာရေးကြီးဒေါ်လဲ့လဲ့ခိုင်မှအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၆ ၊ စက်မှုလမ်း၊ မြေကွက်အမှတ် (၆၁၈)၊ အကျယ်အဝန်း (၄၀ × ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်ကြီး (၁၁/ပတန(နိုင်) ၀၄၆၄၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန် (၅/ဝလန(နိုင်) ၁၁၅၁၂၈)က အပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀) သမိုင်း၊ မြေကွက်အမှတ် (၃၀/ခ)၊ မြေအမျိုးအစား- A(အိမ်ယာမြေ)၊ အကျယ်အဝန်း (၀. ၀၇၄)ဧကဟုခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၈/၃၀၇)၊ မြေကွက်ပေါ်တွင်မြေရှင် ဦးထွန်းထွန်းဝင်း (၁၂/မရက(နိုင်) ၀၀၅၁၁၇)၊ ဒေါ်ကြည်ကြည်ဝင်း (၁၂/မရက(နိုင်) ၀၀၅၁၁၆) နှင့် ကန်ထရိုက်တာ ဦးဝေယံကျော် (၁၂/ရပသ(နိုင်) ၀၅၈၀၆၇)တို့သည် ကန်ထရိုက်စနစ်ဖြင့် အခန်းပေးအခန်းယူ (၄)ထပ်တိုက်ဆောက်လုပ်ရန် စရံပေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၆၅၂)၊ ခိုင်ရွှေဝါလမ်း၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်အေးအေးခိုင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဒေါ်စန်းစန်း (၁၂/ရကန(နိုင်)၀၂၆၃၃၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေ တစ်ချို့ ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည် ။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
ဒေါ်မေမြတ်ချိုနီ	ဒေါ်ဝတ်ရည်ငွေး
LL.B,D.B.L (စဉ်-၁၁၃၁၁)	LL.B,LL.M (စဉ်-၃၆၉၁၇)

ရုံးချုပ် á အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ á 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ á အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ á 09-5060940, 09-5185539, 09-450450977, 09-450450907

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅/သစ်ထည်)၊ (၄၅/သစ်ထည်) ရပ်ကွက်၊ ဦးတင်အေးလမ်း၊ မြေကွက်အမှတ်(P/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်မော်အောင်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မော်အောင် [၁၂/ရကန(နိုင်) ၀၁၅၃၂၁] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကြည် [၉/မနမ(နိုင်)၀၃၁၄၈၉] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မြေကွက်အမှတ်-၃၇၄၊ မြေကွက်တည်နေရာအမှတ်(၃၇၄)၊ ပင်းယ(၂)လမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်အေးအေးလှ [၁၃/လရန(နိုင်)၀၀၈၈၅၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ နှစ်(၆၀)ဂရန် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် နှစ်ထပ်တိုက် အဆောက်အဦ တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးလှမှ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

"လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာချက်"

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသူ ဦးစည်သူကျော်(ဘ) ဦးကျော်ကျော် [၁၂/အလန(နိုင်)၀၄၈၁၇၉]နှင့် ဒေါ်ဖြူသွယ် (ခ)ဖြူဖြူသွယ် (ဘ) ဦးမောင်မောင်[၉/မလန(နိုင်) ၁၄၆၇၀၈]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက် ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၃၀-၅-၂၀၂၃) ရက်နေ့တွင် အသိသက်သေများ ရှေ့မှောက်၌ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာချို (LL.B, DIPL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)
အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၅၇၅/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဦးအန္တီအာမိန်အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ပေါ်၌ RC(၁)ခန်းတည်း(၆)ထပ်တိုက် ဆောက်လုပ်မည့် အဆောက်အဦတွင် ဒေါ်ဖြူဖြူသင်း [၁၄/ဂခမ(နိုင်)၀၀၀၃၈၅] မှ မြေညီထပ်၊ ဒေါ်လှမြင့်[၁၂/သကတ(နိုင်)၁၃၇၇၆၇]မှ ပထမထပ်၊ ဒေါ်ဇာဟေဒါဘေဂေါင် [၁၂/သကတ(နိုင်)၂၂၆၃၃၁]မှ ဒုတိယထပ်နှင့် ပဥ္စမထပ်၊ ဦးမောင်ငယ်[၁၂/တမန (နိုင်)၁၀၁၁၂၆]မှ တတိယထပ်၊ ဒေါ်စုမြတ်မွန် [၁၂/သကတ(နိုင်)၂၁၆၃၁၄]မှ စတုတ္ထထပ်ကို အသီးသီးပိုင်ဆိုင်ကြသူများဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းဝင်းခိုင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)
အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉

လုပ်ငန်းအမည်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ သုခိတာလမ်း၊ ပြည်သာယာအိမ်ရာ၊ အမှတ် (၃)နေ **ဦးကျော်ရဲဟိန်း [၁၂/မဂတ(နိုင်) ၀၉၃၉၉၁] နှင့် ဒေါ်အိမွန်နိုင် [၁၂/မရက(နိုင်) ၁၅၉၀၁၉]** တို့မှ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်လုပ်ငန်းအား အောက်ဖော်ပြပါ **"THE SHAN"**အမည်တံဆိပ် အမှတ်အသားဖြင့် ဖွင့်လှစ်ရောင်းချလုပ်ကိုင်နေသည့်အတွက် လုပ်ငန်းအမည် အမှတ်တံဆိပ်အမှတ်အသားသည် မိမိ၏ သီးခြားအမည်တံဆိပ်အမှတ်အသား ဖြစ်ကြောင်း **"လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်သွင်း မြွက်ဟကြေညာခြင်းစာချုပ်"** ဖြင့် စာချုပ်အမှတ် (၄/၈၀၉/ ၂၇-၁-၂၀၂၅)အရ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

မှတ်ပုံတင် စာချုပ်အမှတ် (၄/၈၀၉/ ၂၇-၁-၂၀၂၅)

THE SHAN

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားတို့သည် **ဦးကျော်ရဲဟိန်း၊ ဒေါ်အိမွန်နိုင်**တို့မှ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်လုပ်ငန်း၏ အမည်တံဆိပ်အမှတ်အသားအဖြစ် အသုံးပြုလုပ်ကိုင်သွားမည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းအမည်တံဆိပ်အမှတ်အသားတို့အား ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်း၊ တုပပြုလုပ်ခြင်း၊ သံတူကြောင်းကွဲ ပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်ပါသည်။ တားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်သန္တာလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၆၅)
အမှတ်(၃၈၈) ၊ အေးမြသာယာလမ်း။
၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး။
၀၉- ၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၃၂)၊ မြေကွက်အမှတ်(၃၀၂)၊ အလျား (၄၀)ပေx အနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဦးမိုးကျော်သန်း [၁၂/မဂတ(နိုင်) ၀၅၄၅၁၅] ထံမှကျွန်တော်ဦးဝင်းဗိုလ် [၁၀/ခဆန(နိုင်) ၀၁၁၄၅၅]မှ ဆက်စပ်စာချုပ်များဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ရာ အဆိုပါမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝင်းဗိုလ်
ဖုန်း- ၀၉-၆၇၅၀၉၈၈၀၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ ရပ်ကွက်၊ အိမ်နံပါတ်(278)နေ ဒေါ်ခင်မိမိကြည်[၁၂/လမန(နိုင်)၀၇၈၁၆၉]၏သား မောင်ဇော်ဝင်းသိဏ်း [၁၂/ဒဂမ(နိုင်)၀၃၈၁၆၀]သည် မိခင်၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ဇော်ဝင်းသိဏ်းနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ဇော်ဝင်းသိဏ်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်မိမိကြည် [၁၂/လမန(နိုင်)၀၇၈၁၆၉]
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
ဗိုလ်တထောင်ခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၈

ဦးအေးဝင်း	နှင့်	ဦးတင်ဆန်း
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ (၃)လမ်း၊ အမှတ် (၂၆၆) နေ တရားပြိုင် ဦးတင်ဆန်း (**ယခုနေရပ်လိပ်စာမသိသူ**) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်အား တရားဝင် အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ (၁၃၈၆ ခု၊ တပို့တွဲလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မီမီဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ဗိုလ်တထောင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းမကြီး၊ ဗထူးအိမ်ရာ(၁)၊ အခန်းအမှတ်(၃၀၃)၊ တိုက် C-4၊ ၃လွှာ၊ လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ချမ်းမြေ့ကြည် [၉/ခအဇ(နိုင်)၀၀၁၉၁၆]ထံမှ ဦးထင်ပေါ် [၁၂/ပဘတ(နိုင်)၀၁၄၁၃၆]က ဝယ်ယူမည်ဖြစ်ပါ၍ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသော အထက်ဖော်ပြပါ အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ဝယ်ယူသူဖြစ်သော အကျွန်ုပ် ဦးထင်ပေါ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်းများနှင့်တကွ) ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ
ဦးထင်ပေါ် [၁၂/ပဘတ(နိုင်)၀၁၄၁၃၆]
တိုက် C-4၊ အခန်း (၅၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈)ရပ်ကွက်၊
ဗိုလ်ဗထူးလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။
Ph:09-451561183

ဦးနေလင်းအောင် အမှတ် (-)၊ အနော်ရထာလမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ သိစေရန်

ကျွန်ုပ်မိတ်ဆွေသည် အမှတ်(-)၊ ဇောတိက(၅)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် (၈၆ x၄၂) ပေ မြေကွက်တွင် (၇၀ x ၂၃) ပေ (၂) ထပ် RC အဆောက်အဦနှင့် အုတ်တံတိုင်းခြံခတ် အပါအဝင် PAE စနစ်ဖြင့် ဆောက်လုပ်ရန် ငွေကျပ်သိန်း(၁၄၀၀)ဖြင့် အပ်နှံခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ၏ ငွေပေးမှုမှတ်တမ်းများ အရ ငွေကျပ်သိန်း(၁၄၆၇) ပေးပြီးဖြစ်သော်လည်း ယနေ့တိုင် ရေမီးဆေးစုံ နှင့် RC (၂) ထပ်တိုက်အား အုတ်တံတိုင်းခြံခတ်အပါအဝင် ဦးနေလင်းအောင် က ကျွန်ုပ်မိတ်ဆွေကိုပေးရန် ပျက်ကွက် လျက်ရှိ၍ (၂၄-၁-၂၀၂၅) ရက်စွဲဖြင့် ဦးနေလင်းအောင် သို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ထိုအကြောင်းကြားစာအား မှတ်တမ်းထားရန် ဖြန့်ဝေပေးပို့ထားပြီးဖြစ်၍ ဦးဝင်းဇော် အနေဖြင့်ဒေါ်မြမာလာက အလုပ်သမားများထံမှ လက်ခံရယူထားသည့်ငွေကြေးကိစ္စကို သိလျက်နှင့် အလုပ်သမား (၁) ဦးလျှင် (၁)သိန်းခွဲရယူ၍ ပို့ဆောင်သူများက နစ်နာသူ အလုပ်သမား၏ ဆွေမျိုးမဟုတ်ဟု သိလျက်နှင့်အမှုဖွင့် ဆောင်ရွက်သည့်ကိစ္စများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်ရန် ရှိသဖြင့် ဦးနေလင်းအောင်မှ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကိစ္စကိုမပျက်မကွက် ကျွန်ုပ်နှင့်ဖြစ်စေ၊ ဦးဝင်းဇော်နှင့်ဖြစ်စေ ဆောက်လုပ်ပြီးစီးမှုအခြေအနေဖြင့် ပြန်လည်ပေးအပ်ပါရန် အသိပေး ကြေညာအပ်ပါသည်။

အကယ်၍ ပျက်ကွက်ခဲ့လျှင် ဥပဒေနှင့်အညီ ဦးဝင်းဇော်မှ ဆောက်လုပ်ရန် ပေးအပ်ထားသည့် အဆောက်အအုံအား သက်ဆိုင်ရာသို့ အကြောင်းကြား၍ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်ခြင်းဖြင့် မမှန်မကန်ဆောင်ရွက်မှုများရှိလာပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်အရပ်ရပ်ကိုလည်း ပျက်ကွက်သူဘက်မှ ကျခံရမည်ဖြစ်ကြောင်း တစ်ပါတည်းသိစေအပ်ပါသည်။

ဦးဝင်းဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသဲခိုင်
အထက်တန်းရှေ့နေ (စဉ်- ၄၁၃၅၄)
အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉

ဒေါ်ငွေငွေဝင်း (တရားလို) နှင့် ဦးတိုးအောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၉၅၃)နေ ဦးတိုးအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက " **ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု** " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၊ မြေကွက်အမှတ်-၂၁၄၊ အကျယ်(၄၀ပေx၆၀ပေ) ရှိ ဦးအုံးရွှေ(KTN-၀၂၅၉၄၈] အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ် အဆင့်ဆင့်များဖြင့် တရားဝင် ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေဇင်လတ် [၁၂/မရက(နိုင်)၁၃၁၇၉၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းကြည်စိုး (LL.B) WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်-၁၉၉၁၇)
အမှတ်(၁၁၁/၁၁၃)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၂၅၆၂၆၂၃၀၅

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ဇမ္ဗူအေး(၄)လမ်း၊ မြေကွက်အမှတ်(၉၆၂/ခ)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၉၆၁/က) နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၁၀x ၆၀)ပေရှိ ဦးသန်းထွန်း(O/RGN-၀၀၈၀၆၈)အမည်ပေါက် နှစ်(၆၀)ဂရန်(မိတ္တူ)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နန်းကျော့ကျော့အောင် [၁၂/ဒဂတ(နိုင်)၀၈၇၆၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)	**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
(LL.B, D.I.L)	**(LL.B, D.B.L, D.I.L, WIPO switzerland)**

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၉)၊ မြေကွက်အမှတ်(၅၅)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၄)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးမြင့်အောင် အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ချောစုမြတ် [၁၂/ဒဂရ(နိုင်)၀၂၀၅၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက လက်ရောက်ရယူကာ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)	**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
(LL.B, D.I.L)	**(LL.B, D.B.L, D.I.L, WIPO switzerland)**

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၅၈)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၇)ထပ်တိုက်၏စတုတ္ထထပ်(၅-လွှာ/ဘီ)၊(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိတိုက်ခန်း(တစ်)ခန်းနှင့်ကိုယ်ပိုင်မီတာ၊ကိုယ်ပိုင်မော်တာ အပါအဝင်အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လွဲ့ယဉ်ဝင်း [၁၂/တကန(နိုင်)၁၂၈၉၅၅]အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဗန်ဗျက်ကိမ် [၅/ကလထ(နိုင်)၁၈၃၆၄၂]မှ တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စိုးစိုးမြင့်	**ဒေါ်အိဖြိုးဇင်**
LL.B(စဉ်-၁၀၀၆၃)	**LL.B,DBL(စဉ်-၁၅၉၇၅)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၄၂၀၃၅၉၆၃	**ဖုန်း-၀၉-၇၉၀၁၂၃၄၈၀**

အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

အလင်္ကာကျော်စွာ ဒေါက်တာခင်အေး

[မောင်ခင်မင်(ဓနုဖြူ)]

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့
အချိန်ပြည့်အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန တွဲဖက်ပါမောက္ခ(ပြင်ပပညာရှင်)၊
အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်၊
ပါဠိဂုသင်တန်းဦးစီးကော်မတီအဖွဲ့ဝင်(မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊
အမျိုးသားစာပေတစ်သက်တာဆုရှင်၊ ထွန်းဖောင်ဒေးရှင်း
တစ်သက်တာစာပေဆုရှင်၊ သုတစွယ်စုံ တစ်သက်တာစာပေဆုရှင်၊
ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုရှင်၊ ငွေတာရီ ရွှေတံဆိပ်ဆုရှင်၊
လှသမိန် ရွှေတံဆိပ်ဆုရှင်၊ ဂုဏ်ထူးဆောင်စာပေပါရဂူ(ဒီလစ်)

အသက် (၈၅)နှစ်

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဦးစီးကော်မတီအဖွဲ့ဝင် ဆရာကြီး ဒေါက်တာခင်အေး [မောင်ခင်မင် (ဓနုဖြူ)] သည် ၂၈-၁-၂၀၂၅ ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိ ရောက်ရှိပါစေ။

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဒေါက်တာအောင်သန်းထွန်း (84 Vet) (ခ) ဦးဓမ္မာနန္ဒ

သိက္ခာတော် (၇)ဝါ၊ သက်တော် (၆၈)နှစ်

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်နေ (ဦးခင်မောင်ကြီး-ဒေါ်လှစီ)တို့၏သား၊ မန္တလေးမြို့၊ စိန်ပန်းရပ်နေ ဦးကံသောင်း-ဒေါ်ဝင်းမေတို့၏ မောင်၊ ဘုရင့်နောင်၊ ခရေလမ်းနေ ဦးဟန်စိန်-ဒေါ်ရင်မာဌေးတို့၏ အစ်ကို၊ ဦးသဲမောင်မောင်ဝင်း-ဒေါ်စန္ဒီထွန်း၊ ဦးဇော်သန်းဦး-ဒေါ်နေခြည်ထွန်း၊ ဦးဟိန်းထက်ဇင်-ဒေါ်သက်သက်နွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဇွဲခန့်အောင်၊ မောင်ဘုန်းခန့်သာတို့၏ အဘိုး၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေး၊ (ဒေါ်ကျင်စီ)၏ ခင်ပွန်းသည် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်)၊ ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၄:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁-၂-၂၀၂၅ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။

(အမှတ်- ၁၂၈၊ အရှေ့ကြို့ကုန်း ၄-လမ်းထိပ်၊ အင်းစိန်မြို့နယ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီနှင့် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ (၉/၁၀)လမ်း၊ အောင်ဓမ္မဇေယျုံစာသင်တိုက်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့် ၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ (၉/၁၀)လမ်း၊ အောင်ဓမ္မဇေယျုံစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၀၃)နေ **ဒေါ်ခင်သန်း (ဘ) ဦးခင်မောင်စိုး [၉/မနမ(နိုင်)၀၉၄၆၃၈]၊ ဒေါ်ယဉ်ယဉ်အေး (ဘ) ဦးမိုးဟိန်း [၉/မနမ(နိုင်) ၁၁၆၀၃၁]၊ ဒေါ်ဖြူ (ခ) ဒေါ်ရီရီဝင်း (ဘ) ဦးတင်ထွန်း [၉/မနမ(နိုင်)၀၀၄၁၅၁]၊ ဒေါ်ထားနွယ်ဝင်း (ဘ) ဦးဝင်းကြည် [၉/မနမ(နိုင်)၁၁၅၉၈၄]နှင့် ဒေါ်စန်းစန်းနိုင် (ဘ) ဦးအေးကြူ [၉/မနမ(နိုင်)၀၀၄၁၈၂]**တို့ (၅)ဦးသည် အထက်လိပ်စာပါ ခြံဝင်းအတွင်း လွန်ခဲ့သော (၈၅)နှစ်ကျော်ခန့်မှစ၍ ဘိုးဘွားစဉ်ဆက်နေထိုင်လာခဲ့သူများဖြစ်ကြပါသည်။ အထက်ပါမြေ၏ အမည်ပေါက် **ဒေါ်နန်းတင်** ၏ မြေးတော်စပ်သူများဟု အဆိုရှိသူများက ထိုမြေနေ ကျွန်ုပ်တို့ကို ဖယ်ရှားရန် အဓမ္မခြိမ်းခြောက်လာခြင်းအပေါ် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ တရားဝင်တိုင်ကြားတင်ပြထားပြီးဖြစ်ပါသည်။ ဆက်လက်ခြိမ်းခြောက်မှုများရှိလာလျှင် ကျွန်ုပ်မိတ်ဆွေတို့၏ ပိုင်ရေးဆိုင်ခွင့်ရှိမှုကို ကာကွယ်ရန်အတွက် တရားတစ်ထုံးဖွဲ့ ဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းပါ (၅)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင်ကြည် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၁/၂၀၁၇)
အမှတ်(၉/၁၀)၊ အခန်း(၂၀၂/အီး)၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၉၉၈၄၆၀၃၂၊ ၀၉-၉၇၁၄၃၃၄၁၆

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၅)လမ်း၊ အမှတ်-၁၀(က/ခ)၊ ဒုတိယထပ်နေ ဦးငွေစိုး (၁၂/သဃက (နိုင်) ၀၂၂၀၃၂) နှင့် ဒေါ်ခင်သန်းဝင်း (၁၂/ဥကတ (နိုင်) ၀၈၀၈၅၈)တို့၏ သမီးဖြစ်သူ **မမေဇင်စိုး (၁၂/ဒဂရ (နိုင်) ၀၂၂၉၂၂)**ကိုင်ဆောင်သူသည် မိဘများနှင့်မောင်နှမတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအားလုံးအား ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် ပြုလုပ်သဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သမျှကိစ္စအဝဝတို့ကို မိဘနှင့် မောင်နှမများမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးငွေစိုး (၁၂/သဃက (နိုင်) ၀၂၂၀၃၂) (ဖခင်)
ဒေါ်ခင်သန်းဝင်း (၁၂/ဥကတ (နိုင်) ၀၈၀၈၅၈) (မိခင်)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) အတွင်းရှိ သန်လွင်ရိပ်မွန် စီမံကိန်းဇုန် City Loft တိုက်အမှတ် (CL-10)၊ အခန်းအမှတ်- 510၊ အခန်းအမျိုးအစား (One Bedroom) ၊ အကျယ်အဝန်း(၄၈၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍အပိုင်ရောင်းချသူများဖြစ်ကြသော ဦးပြည့်ဖြိုးထွန်း [၁၂/ကမတ(နိုင်)၀၆၆၁၈၅]၊ ဒေါ်မြတ်ကေခိုင်[၁၂/အလန(နိုင်)၀၄၄၄၇၀]နှင့် ဒေါ်ထက်ထက်ထူးလွင် [၁၂/ကမတ (နိုင်)၀၇၅၈၈၁] တို့မှ ၎င်းတို့ အမှန်တကယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်အောင် [၉/မရတ(နိုင်)၁၃၀၉၃၁] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါကခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်ဇင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာဝင်း (LL.B)	**ဒေါ်ဂျာရိန်အောင်ဘူ(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၁၂၉၂၃)	**(စဉ်- ၅၅၅၆၀)**

အမှတ်(၂၃၉)၊ (၃၆)လမ်းအထက်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-778434507,09-794077590

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် – ၂၆ F ၅၊ မြေကွက်အမှတ် V ၅၁၊ ဒေါ်ခင်ချောနွယ် [၁၂ / ကမတ (နိုင်) ၀၁၄၆၈၃] အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်စာချုပ် မူရင်းနှင့်ပတ်သက်၍ အများသိရှိစေရန်နှင့် ပြန်လည်အကြောင်းပြန်ပေးရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေကြောင်း ဒေါ်ခင်ချောနွယ်၏ သားများဖြစ်ကြသော ဦးရဲထွဋ်မင်း [၁၂/ကမတ(နိုင်)၀၅၆၆၄၄] နှင့် ဦးကျော်ပိုင်ထွဋ် [၁၂/ကမတ(နိုင်) ၀၅၆၆၄၃] တို့၏ ပြောပြချက်အရ သိရှိရပါသည်။ သို့ပါ၍ ယင်းမြေငှားဂရန်စာချုပ်မူရင်းအား လက်ဝယ်ထားရှိသူ မည်သူမဆို ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ညှိနှိုင်းပြီး မြေငှားဂရန်မူရင်းအား ပြန်လည်ပေးအပ်ရန် အသိပေးကြေညာအပ်ပါသည်။ ထိုသို့ဆက်သွယ်ပြောဆို ညှိနှိုင်းခြင်းမရှိပါက မူရင်းပျောက်ဆုံးသွားသည်ဖြစ်၍ ယင်းမြေငှားဂရန်တာဝန်ခံမိတ္တူမှန်ထုတ်ယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရဲထွဋ်မင်း၊ ဦးကျော်ပိုင်ထွဋ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမိုးအောင် (LL.B)
အထက်တန်းရှေ့နေ (စဉ် – ၄၉၁၆၁)
အမှတ် (၂၇)၊ မြေညီ (ခေါင်းရင်း)၊ မာလာမြိုင် (၂)လမ်း၊ (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၉၅၉၃၈၅၃၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄(ကမာရွတ်)၊ မြေကွက်အမှတ်-၃၊ ဧရိယာ (၀. ၁၄)ဧကရှိ B လ/န-၃၉ ရပြီး (အဆောက်အဦး ဆောက်လုပ်ရန်မြေအဖြစ် အသုံးပြုနိုင်းသတ်မှတ်)မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်-၁၄(ကမာရွတ်)၊ မြေကွက်အမှတ်-၂/ဃ-၁(လမ်း)၊ ဧရိယာ (၀. ၁၅)ဧကရှိ B မြေပိုင်မြေကွက်များအနက်မှ (တရားဝင်မခွဲမစိတ်ရသေးသော) ဒေါ်နုနုထွား၏ ဝေစုဖြစ်သည့် ဧရိယာ (၀. ၂၄၅)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၅၇/က)၊ ဦးချိုလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းဆင့် (၁၂/စခန (နိုင်) ၀၂၄၅၃၁)မှ ၎င်း၏တစ်ဦးတည်းသောသားဖြစ်သူ မောင်ညီဇေမိုး [၎င်း၏ကိုယ်စား တရားရုံးအမိန့်အရ အုပ်ထိန်းခွင့်ရရှိထားသူ ဦးစိုးမင်းအောင် (၁၂/လမန (နိုင်) ၀၄၅၈၁၃)]ထံသို့ အဖိုးစားနားတစ်ပြားတစ်ချပ်မျှရယူခြင်းမပြုဘဲ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်ချိုချိုဝင်း LL.B, D.B.L ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၁၂)
အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ် (၉၄/B)ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတွဲ၊ (၅)ထပ်တိုက်၊ အဆောက်အဦ၏ တတိယထပ်(၄)လွှာ၊ အကျယ်အဝန်း(အလျား ၁၂x အနံ ၆၀)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေပိုင်ရှင် **ဒေါ်ဝင်းဝင်းမာ [၁၂/တမန(နိုင်)၀၄၄၁၂၄] နှင့် ဒေါ်စံပယ်ရွှေ [၁၂/မရက(နိုင်) ၀၀၃၃၆၅]** တို့မှ (၁၃-၁၁-၂၀၂၄)ရက်စွဲပါ **"နှစ်ဦးသဘောတူတိုက်ခန်း ဆောက်လုပ်ခြင်းကတိစာချုပ်"** အရ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး အရှုပ်အရှင်းကင်းစွာဖြင့်တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်စံပယ်ရွှေ [၁၂/မရက(နိုင်)၀၀၃၃၆၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ယဉ်ယဉ်ကြည် [၁၂/မဂတ(နိုင်)၀၃၇၅၅၇]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအား လက်ရောက်ရယူ သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ယဉ်ယဉ်ကြည်	**ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)**
[၁၂/မဂတ(နိုင်)၀၃၇၅၅၇]	**အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)**
	အမှတ် (၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊
	ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
	ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈

Juliet Seit Doe @ ဒေါ်ခင်ခင်ဆွေ

အသက် (၇၄) နှစ်

(ဦးစိုက်ဒိုး-ဒေါ်မာသာဆွေထက်)တို့၏သမီး၊ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ခြံအမှတ် ၂(က)၊ သဇင်မြိုင်လမ်းနေ ဦးအောင်ထွဋ်ကျော်၏ ဇနီး၊ ကိုအောင်ဆွေမွန် – မဝါဝါရွှေ၊ (ကိုမျိုးဆွေအောင်)–မယဉ်မိုးသွယ်၊ ကိုငြိမ်းအေးဆွေ တို့၏ ချစ်စွာသောမိခင်ကြီး၊ မောင်အုပ်စိုးပိုင်၊ မသီရိမိုးအောင်၊ မောင်ကျော်ခန့်ပိုင်၊ မဖြိုးဝင့်ဝါမွန်တို့၏ ချစ်စွာသော ဘွားဘွားကြီးဖြစ်သူ Juliet Seit Doe @ ဒေါ်ခင်ခင်ဆွေ သည် ၃၀ - ၁ - ၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသည်။ ဈာပနဝတ်ပြုခြင်းကို ၁ -၂ - ၂၀၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၀၄၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်ရှိ သန့်ရှင်းသော ကားတိုင်ဘုရားကျောင်းတွင် ပြုလုပ်ပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်ဆွေများကို အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၃၂၉/ခ) ဖြစ်သော အမှတ် (၂၁၃)၊ ၁၁-လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော (၂၀' x ၆၀') အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက် နှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်တွင် ဖော်ပြထားသော နှစ် (၆၀) ဂရန်သည် ဒေါ်နှင်းမြတ်ဝင်း [၁၂/မရက (နိုင်) ၁၄၅၆၂၉] နှင့် ဒေါ်မြရည်ဝင်း (ခ) ဒေါ်မြကေသွယ် [၁၂/ဗတထ (နိုင်) ၀၁၁၇၉၃] တို့ နှစ်ဦး ပူးတွဲအမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ထိုမြေနှင့်အဆောက်အဦအား ၎င်းတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

ဦးထွန်းအေး (B.A, R.L)	**ဒေါ်ဆွေဆွေညွှန့် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၁)**

ဒေါ်စုမြတ်မွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၃၁)
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၂၅၀၃၇၅၅၇၂

တန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၅၇၅)၊ မြေအကျယ်အဝန်း(၄၃ပေ×၆၀ပေ)၊ (၂၅၈၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဒေါ်စိုးမြင့် (HGU - ၀၀၆၀၃၉)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ **ဦးဝင်းမျိုးထက် (၁၂/မဂတ(နိုင်) ၀၈၈၁၃၆)**သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B)	**ဒေါ်ကေကေနိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၅၅၄)	အထက်တန်းရှေ့နေ (စဉ် -၅၃၃၄၄)

ဦးတိုးဝေနိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ် -၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)

နယ်စပ်ကုန်သွယ်ရေးညွှန်ချုပ်(ငြိမ်း)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ဥက္ကဋ္ဌ)

အသက် (၇၅)နှစ်

နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)သည် ၃၀-၁-၂၀၂၅ ရက်နေ့ ညနေ ၆:၁၀ နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရသည့် အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကျောက်ပန်းတောင်းအသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိုးသွင်

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း(ငြိမ်း)

အသက် (၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၄၀၅)နေ ဒေါ်မြညွှန့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရဲနိုင်စိုး (MEC)-မသဇင်လှိုင် (ထွေ/အုပ်)၊ ကိုကျော်ခိုင်စိုး(S'pore)၊ မသဇင်နွယ်စိုး (KSHAL)၊ မသိဂ်နွယ်စိုး (KSHAL)တို့၏ ချစ်လှစွာသောဖခင်၊ ဧင်ကိုကိုရဲနှင့် ကောင်းပြည့်ညီညီတို့၏ ချစ်လှစွာသောအဘိုး ဦးစိုးသွင်သည် ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၅:၅၃ နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၅ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဃာ အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)

အသက်(၈၅)နှစ်

RC-1၊ မြန်မာစာဌာနမှ ကန့်တော့်ခံ ဆရာမကြီး ဒေါ်စုစုနွယ် (တွဲဖက်ပါမောက္ခ-ငြိမ်း)၏ခင်ပွန်း ဆရာကြီး ဦးခင်အေးသည် ၂၈-၁-၂၀၂၅ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နာယက ဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊
ပညာဒါနအမှုဆောင်အဖွဲ့နှင့်
အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ
(RC-1, RUBC, BC)

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်ဇင်ဝင်းသန်း၏ဂရန်ခွဲတွင် မြေကွက်အမှတ် ၁၀၃၄/ခနှင့်မြေကွက်လိပ်စာတွင် ၁၀၃၄/ခအောင်ဘောဂလမ်း(၄၀) ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်ဇင်ဝင်းသန်း၏ဂရန်ခွဲတွင် မြေကွက်အမှတ် ၁၀၃၄/ခနှင့်မြေကွက်လိပ်စာတွင် ၁၀၃၄/ခအောင်ဘောဂလမ်း(၄၀) ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ သုမန(၁)လမ်း၊ အဆောက်အဦအမှတ်-၃၃၂ ဟုခေါ်တွင်သော မြေရှင် ဦးဘညွှန့် (GP – ဒေါ်စုမြတ်သွယ် [၁၂/သကတ(နိုင်)၁၉၅၃၀၇၂]) အမည်ပေါက်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၆)ထပ်တိုက် အဆောက်အဦ၏ ဒုတိယထပ်၊ အကျယ်အဝန်း(၂၁ ပေ x ၅၁ပေ)ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အပိုင်ရောင်းချသူများဖြစ်ကြသော ဦးလှမောင်သာ [၁၁/ပတန(နိုင်)၀၅၁၀၀၆]နှင့် ဒေါ်စိုးမိုးဇော်ဝင်း [၁၁/စတန(နိုင်)၀၉၆၃၇၂]တို့မှ အရပ်ကတိအရောင်းအဝယ် စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လာသောတိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတို့သာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အချုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိငြိမ်းပိုင် [၁၂/တတန(နိုင်) ၂၁၅၉၄၂]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အားကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိငြိမ်းပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာဝင်း (LL.B) **ဒေါ်ဂျာရိန်အောင်ဘူ(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၃၃) အထက်တန်းရှေ့နေ(စဉ်-၅၅၅၆)
အမှတ်(၂၃၉)၊ (၃၆)လမ်းအထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph: 09-778434507, 09-794077590

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး

ဒေါ်စောသီရိသိင်္ဂီ (Rebecca Ko)

B.Sc (Chemistry) (Q), R.L, DBL, Dip ELT

အထက(၂)လသာ/St. John's Convent ကျောင်းသူဟောင်း၊

လဝကဝန်ထမ်းအငြိမ်းစား

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)

အလုပ်အမှုဆောင်ကော်မတီဝင်

အသက် (၇၄) နှစ်

သံမှူး ဦးသူရိန်စောထွတ်နိုင် ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စောသီရိသိင်္ဂီ သည် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ဒေသစံတော်ချိန် ည ၂၀:၅၆ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောသီရိသိင်္ဂီ(Rebecca Ko)

B.Sc (Chemistry) (Q), R.L, DBL, Dip ELT

အထက(၂)လသာ/St. John's Convent ကျောင်းသူဟောင်း၊

လဝကဝန်ထမ်းအငြိမ်းစား

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)

အလုပ်အမှုဆောင်ကော်မတီဝင်

အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ကို-ဒေါ်အေး(ခ)ဒေါ်ကစ်တီ)တို့၏သမီး၊ [ဝဏ္ဏကျော်ထင်ဦးတင်ထွတ်နိုင်(တရားရုံးချုပ်တရားသူကြီး-အငြိမ်းစား)]၏ ဇနီး၊ ဦးသူရိန်စောထွတ်နိုင် (သံမှူး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၏ ချစ်လှစွာသောမိခင်ကြီးသည် ဒေသစံတော်ချိန် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ည ၂၀:၅၆ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ (ဇ၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၅ ရက် (တနင်္လာနေ့) တွင် ဂျီနီဗာမြို့ရှိ Saint-Georges Funeral Center and Crematory သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဃာများကို အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၅ ရက် (အင်္ဂါနေ့) နံနက် ၀၇:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရန်ကုန်မြို့၊ သုဝဏ္ဏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောသီရိသိင်္ဂီ (Rebecca Ko)

B.Sc (Chemistry) (Q), R.L, DBL, Dip ELT

အထက(၂)လသာ/St. John's Convent ကျောင်းသူဟောင်း၊

လဝကဝန်ထမ်းအငြိမ်းစား

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)

အလုပ်အမှုဆောင်ကော်မတီဝင်

အသက် (၇၄) နှစ်

သံမှူး ဦးသူရိန်စောထွတ်နိုင် ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စောသီရိသိင်္ဂီ သည် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ဒေသစံတော်ချိန် ည ၂၀:၅၆ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့မိသားစု

ဦးစိုးအောင်နိုင် (ခ) ဦးမောင်မောင်

အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ အမှတ် (၁၈၉/၆)နေ (ဦးအုန်းကျော်-ဒေါ်သန်းသန်း)တို့၏ သား၊ ဦးရွှေသိန်း-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဦးကျော်ဟန်မြင့်-ဒေါ်လေးလေးမြင့်၊ (ဦးစိုးဝင်းမြင့်)-ဒေါ်မြမြဝင်း၊ (ဒေါ်ခင်ဆွေဝင်း)တို့၏ ညီ/မောင်၊ ဦးအောင်စိုး-ဒေါ်ခင်ဥမ္မာကျော်တို့၏ ဦးလေး၊ ဒေါ်ဝင်းဝင်းသိန်း၏ ခင်ပွန်း၊ မအေးမြတ်မြတ်ကျော်၊ မောင်ချစ်ကိုကိုကျော်-မစုစုလှိုင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးစိုးအောင်နိုင် (ခ)ဦးမောင်မောင်သည် ၃၀-၁-၂၀၂၅ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၂-၂၀၂၅ (စနေ့နေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဃာများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ မြေကွက်အမှတ်(၉၄)မြေပေါ်ရှိ (၃-လွှာ) ခေါင်းရင်းခြမ်း၊ အောက်ထပ် (၁၂×၆၀) ရှိ တိုက်ခန်းအရောင်းအဝယ် ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းသည် မြေရှင်ထံမှတရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ **ဒေါ်သန်းသန်းထွေး (၁၂/ကမရ(နိုင်)၀၃၆၈၈၂)** မှ အဆိုပါတိုက်ခန်းအား ရောင်းချပိုင် ခွင့်ရှိသူဖြစ်ကြောင်းနှင့် အချုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မိုးထက် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၈၊ ၀၉-၄၂၀၀၈၇၁၇

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀-DY³၊ မြေကွက်အမှတ် (၃-A/၂-၁)၊ ဧရိယာ(၀.၀၈၆)ဧကရ၊ နှစ်(၆၀)မြေငှားစာချုပ်၊ အမည်ပေါက်မှာ SAE PAING DEVELOPMENT LIMITED ဖြစ်ပါသည်။ အဆိုပါမြေကွက်အား လမ်းသစ်စံမဂိန်းတွင်ပါဝင်သည့် မြေကွက်နှင့် (၆)ထပ်တိုက်အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ်စာချုပ် (၉၆ဂ၁/၂၀၂၄)၊(၂၂-၁၁-၂၀၂၄) တင်ပြ၍ ဦးဇော်မင်းဦး[၁၂/လမတ(ဧည့်)၀၀၀၈၅၁]၊ ဦးသူဟိန်း-ဒေါ်[၁၄/ပသန(ဧည့်)၀၀၁၁၁၅]၊ ဦးကျော်မင်းထက်[၁၂/ကမရ(ဧည့်)၀၀၀၃၀၇]၊ ဦးသန့်ဇော်စိုး [၁၄/ကပန(နိုင်)၁၅၆၆၄၄] အမည်များသို့ ပြောင်းလဲခွင့် ပြုပုံရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)

DSA(15)

နယ်စပ်ကုန်သွယ်ရေးညွှန်ချုပ်(ငြိမ်း)

အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နီလာလမ်း၊ အိမ်အမှတ်(၄၅)၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာနေ ဗိုလ်ကြီး ဒေါ်စောသိန်း(ငြိမ်း)၏ ခင်ပွန်း၊ ဦးဇော်မင်းသိန်း-ဒေါ်ကံတာဆင့်ဆင့်ဖြိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသော်တာ-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်မြင့်မြင့်သိန်း၊ အရှင်ဦးဝိစာရ၊ သီလရှင် ဒေါ်စန္ဒာသီရိ၊ ဦးနောင်ကြီး-ဒေါ်ချိုချိုသိန်းတို့၏ အစ်ကို ဦးနေဝင်းသည် ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၆:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၃-၂-၂၀၂၅ (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)

နယ်စပ်ကုန်သွယ်ရေး ညွှန်/ချုပ်(ငြိမ်း)

အသက်(၇၅)နှစ်

နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)သည် ၃၀-၁-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဦးဌေးဦး-သီဟသုမေသိင်္ဂီဒေါ်ကြူကြူမြင့်
ရွှေချမ်းသာဒေါင်းမင်း ကုမ္ပဏီမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ အသာက ၂၆ လမ်း၊ အမှတ်- ၈၂၂/က၊ ၁ ခန်းတည်း ၆ ထပ်အဆောက်အဦ၏ ဒုတိယထပ်၊ ၃-လွှာ၊ (၁၈ ပေx ၅၄ ပေ)ရှိ တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်ဇင်မာဝေ [၇/ကဝန(နိုင်)၁၃၇၅၇၀] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇင်ကိုကိုဝင်း [၁၂/ဥကမ(နိုင်)၁၈၀၄၉၉၂] ကိုင်ဆောင်သူနှင့် ဒေါ်သင်းသင်းထိုက် [၁၄/လပတ(နိုင်)၁၀၉၈၄၈] ကိုင်ဆောင်သူတို့က လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇင်ကိုကိုဝင်း နှင့် ဒေါ်သင်းသင်းထိုက် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမြတ်ဝေချို[B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)
အမှတ်-၇၀၂(မြေညီ)၊ ကျောဘူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၂၅၃၃၄၇၄၆၊ ၀၉-၉၇၁၀၁၁၉၈၁

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်-ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် (၁၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅'x၅၄')ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ ဒေါ်နူးဆန့် [၁၃/မဆတ(နိုင်)၀၂၇၁၀၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနှက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်ကိုကိုဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)
တိုက် (၁)၊ ကွမ်းခြံ (၂) လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၁၆၉၄၆၀ ၊ ၀၉-၇၉၁၅၀၈၅၂၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ ရန်ပြေ (၁၆)လမ်းအနောက်၊ မြေကွက်အမှတ်(၉၂၀/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ ဒုတိယထပ် (၃)လွှာ၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါ်လှလှမိုး [၁၂/ဒပန(နိုင်)၀၄၂၆၆၅]**မှ မိမိတစ်ဦးတည်း သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော **ဦးကျော်ဆွေ[၁၄/ဘကလ(နိုင်)၁၀၄၉၅၆]နှင့် ဒေါ်ချိုချိုဝင်း [၁၄/ဘကလ(နိုင်)၁၀၄၇၅၉]**တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည်(LL.B)	**ဒေါ်စုစုလှိုင်(LL.B)**	**ဒေါ်ချုန်ပေါင်လူး(LL.B)**
(စဉ်-၁၁၄၀၆)	**(စဉ်-၅၅၅၆)**	**(စဉ်-၅၆၄၉၈)**
တရားလွှတ်တော်ရှေ့နေ	**ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)**	
	(စဉ်-၅၆၆၆၂)	
	အထက်တန်းရှေ့နေများ	

အမှတ်(၅၄၄/ခ)၊ သန္ဓိလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃ ၊ ၀၉-၇၆၆၃၀၈၀၂၁

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

ယနေ့ ဖတ်စရာ

ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိ ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ » ၁၂

MSME ထုတ်ကုန်တွေ ပြည်ပကို တင်ပို့နိုင်ဖို့ လိုအပ်တဲ့အရည်အသွေးတွေ၊ လုပ်ငန်းစဉ်တွေကို ဒီပြပွဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေ ပံ့ပိုးကူညီကြမှာဖြစ်ပါတယ်

စာမျက်နှာ » ၁၃

ထင်ရှားကျော်ကြား ကမ္ဘာ့ရေဝပ်ဒေသများ



ဆောင်းပါး
စာမျက်နှာ » ၁၆

MNL ပြိုင်ပွဲတွင် နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် ဧနီနဝါရီ ၃၁ ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ဒုတိယနေ့ကို ဧနီနဝါရီ ၃၁ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန် ယူနိုက်တက်အသင်းသည် ချန်ပီယံမျော်လင့်ချက်နည်းပါးနေပြီး ဖြစ်သော်လည်း ဒုတိယနေရာအတွက် ကြိုးပမ်းလျက်ရှိပြီး ယခုပွဲတွင်လည်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြဝတီအသင်းမှာမူ ယခုရှုံးပွဲကြောင့် ဇယားအောက်ဆုံးမှ ရုန်းမထွက်နိုင်သည့်အပြင် တန်းဆင်းဇုန်မှ

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ★



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ချန်ပီယံလိဂ် play-offs ပွဲစဉ်များ မဲခွဲဆုံးဖြတ် မန်စီးတီးနှင့် ရီးယဲလ်၊ ဆဲလ်တစ်နှင့် ဘိုင်ယန် ထိပ်တိုက်တွေ့ဆုံ



ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ play-offs ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ဖလားကို (၁၅)ကြိမ်အထိ ရယူဆွတ်ခူးထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆဲလ်တစ်အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်က ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးထားတဲ့ မန်စီးတီးအသင်းဟာ ဒုတိယအကျော့အဖြစ် စပိန်မြေကို သွားရောက်မကစားမီ

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ★



အဲမွီနှင့် မူဂါဆီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ONE Friday Fights-95 ပြိုင်ပွဲတွင် အဲမွီ အလဲထိုးအနိုင်ရ

ရန်ကုန် ဧနီနဝါရီ ၃၁

ONE Friday Fights-95 ပြိုင်ပွဲကို ဧနီနဝါရီ ၃၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာအဲမွီ အလဲထိုးအနိုင်ရရှိသည်။

အဲမွီသည် ဂျပန်ဖိုက်တာ မူဂါဆီတိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပထမအချီတွင် ပြိုင်ဘက်ကစားသမား အသာရနေမှုကို ဒုတိယအချီတွင် ပြောင်းပြန်လှုပ်ကာ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✦

၃၁ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ